စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

myantrade

အမှတ်စဉ် ၂/၂၀၂၂

## ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ကွမ်းသီးအစိုအခြောက်အရောင်းအဝယ်များ အမြဲမပြတ်ရှိနေပြီး ဈေးကွက်ပွင့်လန်းနေ
- ကယားပြည်နယ် ဒေသထွက်ငရုတ်သီးများ ဆွတ်ခူးချိန် ဈေးကောင်းရရှိ

### နိုင်ငံတကာဈေးကွက်

- အင်ဒိုနီးရှားမှာ စားအုန်းဆီတင်ပို့ခွင့် ပါမစ်လျှောက်ထားရယူရန် လိုအပ်မည်ဟု မူဝါဒရုတ်တရက်ပြောင်းလဲ
- IMF က အမေရိကန်၏ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်မှုအပေါ် သတိပေးမှုကြောင့် တောင်အာဖရိကနိုင်ငံ၏ ဗဟိုဘဏ်သည် အတိုးနှုန်းမြင့် တက်လာနိုင်ခြေရှိခြင်း
- အင်ဒိုနီးရှားက အပူကျောက်မီးသွေးတင်ပို့မှု ယာယီရပ်ဆိုင်းလိုက်ခြင်းကြောင့် ကမ္ဘာ့ကျောက်မီးသွေးထောက်ပံ့မှု ကျဆင်း
- တရုတ်နိုင်ငံသည် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်များအရ အကောက်ခွန်လျှော့ချ
- အိုမီခရွန်မျိုးကွဲပိုင်းရပ်စ်ပြန့်နှံ့မှုနှင့် ဥရောပနှင့်အရှေ့အလယ်ပိုင်းဒေသတွင်း ပြိုင်ဆိုင်မှုပြင်းထန်နေမှုကြောင့် ရေနံစိမ်းဈေးနှုန်းများမြင့်တက်
- အိန္ဒိယ၏လယ်ယာကဏ္ဍပို့ကုန်တန်ဖိုး ဒေါ်လာ ၅၀ ဘီလီယံကျော်ရနိုင်ဖွယ်ရှိ
- Amata ကုမ္ပဏီအနေဖြင့် လာအိုနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံတန်ဖိုးရှိ Smart and Eco City အား တည်ဆောက်မည်
- ၂၀၃၅ ခုနှစ်တွင် သယ်ယူပို့ဆောင်ရေးကွန်ရက်များကို အဆင့်မြှင့်တင်ဆောင်ရွက်ပြီးဖြစ်အောင် ဆောင်ရွက်သွားမည့် တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
- ကနေဒါနိုင်ငံက CFIA ၏ စစ်ဆေးပြီးဖြစ်ကြောင်း အမှတ်တံဆိပ် (Inspection Legend)အသစ် သတ်မှတ်ခဲ့ခြင်းကိစ္စ

### ပြည်တွင်းကုန်သွယ်မှုသတင်း

- သွင်းကုန်အစားထိုးနိုင်မည့် တန်ဖိုးမြှင့်ထုတ်ကုန် ကန်စွန်းဥမှုန့်
- မြန်မာ့ထုတ်ကုန်များကို E-Trade platform မှတဆင့် နိုင်ငံတကာဈေးကွက်သို့ မိတ်ဆက်မည့် Myanmar Pavilion ဖွင့်လှစ်

### ပြည်ပကုန်သွယ်မှုသတင်း

- မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ဆန်တင်ပို့ရောင်းချမှုဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပပြုလုပ်ခြင်း
- TTEP က မြန်မာ့ကမ်းလွန်ရှိ ကမ်းလွန်လုပ်ကွက် M-9နှင့် M-3 တို့တွင် GSI Survey လုပ်ငန်းများ ဇန်နဝါရီ ၂၇ ရက်မှ မေ ၂၅ ရက်အထိ ဆောင်ရွက်မည်
- လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့်ဖော်ဆောင်သည့် စီမံကိန်း သင်တန်းဖွင့်လှစ်

### အထူးဆောင်းပါးများ

- စင်ကာပူနိုင်ငံတွင်SMSမက်ဆေ့ဖြင့်ငွေကြေးလိမ်လည်မှုများပေါ်ပေါက်လျက်ရှိသောကြောင့်ဘဏ်များသည်ရက်သတ္တနှစ်ပတ်အတွင်းငင်းတို့၏ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုအပိုင်းတွင်လုံခြုံမှုအဆင့်အတန်းများကိုတိုးမြှင့် ဆောင်ရွက် သွားရန်ရှိ

### ကုန်သွယ်မှုအခြေအနေ/ ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail.com

## ပြည်တွင်းဈေးကွက်

### ကွမ်းသီးအစိုအခြောက်အရောင်းအဝယ်များ အမြဲမပြတ်ရှိနေပြီး ဈေးကွက်ပွင့်လန်းနေ

တနင်္သာရီတိုင်းဒေသကြီး အနီးတစ်ဝိုက်အတွင်း ကွမ်းသီးအစိုအခြောက် အရောင်းအဝယ်များ အမြဲမပြတ်ရှိနေပြီး ဈေးကွက်ပွင့်လန်းနေကြောင်း ကွမ်းသီးဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။

"ကွမ်းစားသုံးမှုများတဲ့အတွက် ကွမ်းသီးဈေးကွက်ကတော့ အမြဲတမ်းရှိပါတယ်။ ကျွန်တော်တို့ ထားဝယ်မှာတင် ကွမ်းသီးအဝယ်ဒိုင်တွေရှိတယ်။ ကုန်သည်ပွဲစားတွေကလည်း ဝယ်ယူပါတယ်။ ကွမ်းသီးအနုလေးတွေကိုတော့ တရုတ်ဘက်က ဝယ်လိုအားရှိပြီး ကွမ်းသီးအခြောက် ပါကင်တွေကိုတော့ အိန္ဒိယဘက်က ဝယ်ယူလေ့ရှိပါတယ်။ တောင်သူတိုက်ရိုက် ပြည်ပဈေးကွက်ရှာပြီး ရောင်းချတာမျိုးတော့ သိပ်မရှိကြပါဘူး။ ကုန်သည်ပွဲစားတွေ ကွမ်းသီးဒိုင်တွေကတဆင့်ပဲ ရောင်းချနေကြတာပါ"ဟု တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်မှ ကွမ်းသီးပင်စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူ ကိုအောင်ကျော်မျိုးက ပြောသည်။

ကွမ်းသီးပင်များသည် နှစ်ရှည်သီးနှံပင် အမျိုးအစားတစ်ခုဖြစ်ပြီး စတင်စိုက်ပျိုးပြီးနောက် ၇နှစ်၊ ၈နှစ် အကြာတွင် အသီးလှိုင်လှိုင်ထွက်ပြီး ဈေးကွက်တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။

"ကွမ်းသီးစိုက်ပျိုးတဲ့ဒေသတွေမှာ ကွမ်းသီးအထွက်နှုန်းများနေတဲ့အချိန်နဲ့ ကွမ်းသီးဒိုင်တွေကို ကွမ်းသီးအဝင်များနေတဲ့ အချိန်အခါမျိုးတွေမှာ ကွမ်းသီးဒိုင်တွေက ဈေးလျှော့ချသတ်မှတ်တာမျိုး ရှိတတ်ပါတယ်။ ကျန်တဲ့ကာလတွေမှာတော့ ကွမ်းသီးက ရောင်းလိုအားထက် ဝယ်လိုအားက ပိုများတတ်ပါတယ်။ ကွမ်းသီး အခွံခွာပြီး အတွင်းဆံ/အလုံးချော သို့မဟုတ် အခြမ်းနေလှန်းပီးသားပါကင် တစ်ပိဿာကို ၆၀၀၀ ကျပ်ဝန်းကျင် ပေါက်ဈေးရရှိနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ကွမ်းသီးပင်များကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက မေလနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးသင့်ပြီး မိမိတို့စိုက်ပျိုးမည့် ဒေသအလိုက် ရေခံ မြေခံနှင့် ရာသီဥတုအခြေခံတို့ကို အသေအချာလေ့လာပြီးမှသာ စတင်စိုက်ပျိုးသင့်ကြောင်းသိရသည်။

Source: https://greenwaymyanmar.com/posts/betel_nut_market

### ကယားပြည်နယ် ဒေသထွက်ငရုတ်သီးများ ဆွတ်ခူးချိန် ဈေးကောင်းရရှိ

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်ရှိ တောင်ယာများ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် ဒေသထွက် ငရုတ်သီးများ ဆွတ်ခူးချိန်တွင် ဈေးကောင်းရရှိသဖြင့် ငရုတ်စိုက်တောင်သူများ အဆင်ပြေကြောင်း သိရသည်။

မယ်စဲ့ဒေသရှိ တောင်ယာများ၌ နှမ်းကြဲချိန်တွင် သီးညှပ်အဖြစ် ငရုတ်ကိုပါရောကြဲပြီး စိုက်ပျိုးကြကြောင်း၊ နှမ်းခုတ်ချိန်ပေါင်းလိုက်ပြီးပါက ငရုတ်အသီးအပွင့်များထွက်လာပြီး အများအားဖြင့် ဒေသထွက်ငရုတ်သည် မြေအစိုဓာတ်ဖြင့်သာ ကြီးထွားကာ အပင် သုံးလသား၌ အပင်သန်ဆေး၊ အသီးသန်ဆေးနှင့် ပိုးသတ်ဆေးတို့ကို ဖျန်းပေးရသည်။ ငရုတ်မျိုးအနေဖြင့် ကုလားအော်ကို အများဆုံးစိုက်ပျိုးကြပြီး စပ်သည့်အတွက် ဒေသခံပြည်သူများက ကြိုက်နှစ်သက်ကြကြောင်း၊ ငရုတ်သီးကို ဇူလိုင်လနှင့် ဩဂုတ်လတို့တွင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် စတင်ဆွတ်ခူးကြကြောင်း၊ ဒီဇင်ဘာလတွင် ငရုတ်သီးများ လှိုင်လှိုင်ပေါ်ချိန်ဖြစ်ရာ ငရုတ်သီးအခြောက် တစ်ပိဿာကို ငွေကျပ် ၁၅၀၀၀ ရရှိပြီး ကုန်စုံဆိုင်များတွင် အညှာခြွေပြီး ငရုတ်သီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ အထိ ဈေးနှုန်းရရှိကြောင်း သိရသည်။ ဒေသထွက်ငရုတ်သီးကို နမ့်မန်း၊ ဝမ်ကန်၊ မယ်စဲ့၊ ဟိုစဲ့၊ ပန်တိန်း၊ နမ့်ဟူး၊ မယ်ဆည်နမ်၊ ကျောက်စုကျေးရွာတို့၌ တစ်ပိုင်တစ်နိုင်သာမကအချို့က စီးပွားဖြစ်စိုက်ပျိုးကြသည်။

ယခုနှစ် ငရုတ်ပေါ်ချိန်တွင် ဘောလခဲ၊ ဖားဆောင်း၊ မော်ချီးတို့မှ လာရောက် ဝယ်ယူမှုများပြားသလို အိမ်နီးချင်း ထိုင်းနိုင်ငံမှလည်း လာရောက်ဝယ်ယူသည့်အတွက် ငရုတ်သီးများဈေးကောင်းရရှိပြီး ငရုတ်စိုက်တောင်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပြီး အဆင်ပြေလျက်ရှိကြောင်းသိရသည်။

Source: https://www.myawady.net.mm/node/21056

## နိုင်ငံတကာဈေးကွက်

### အင်ဒိုနီးရှားမှာ စားအုန်းဆီ တင်ပို့ခွင့် ပါမစ် လျှောက်ထားရယူရန် လိုအပ်မည်ဟု မူဝါဒ ရုတ်တရက်ပြောင်းလဲ

အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီ ပြည်ပတင်ပို့ရောင်းချသူများကို ပို့ကုန်ပါမစ်ရယူရမည့် အစီအစဉ်ကို စတင်ကျင့်သုံးတော့မှာဖြစ်ကြောင်းထုတ်ပြန်ကြေညာပါတယ်။ အင်ဒိုနီးရှားပြည်တွင်းမှာ ချက်ဆီဈေးနှုန်းများ မြင့်တက်လာမှုကို ထိန်းချုပ်ရန် အတွက် စားအုန်းဆီ ပြည်ပတင်ပို့မှုကို ထိန်းကျောင်းခြင်းဖြစ်တယ်လို့ဆိုပါတယ်။ ကမ္ဘာ့စားအုန်းဆီအများဆုံး ထုတ်လုပ်တင်ပို့ရောင်းချသောနိုင်ငံဖြစ်တဲ့အင်ဒိုနီးရှားမှာ ကမ္ဘာ့စားအုန်းဆီဈေးကြီးမြင့်နေတဲ့အလျောက် ပြည်တွင်းစားအုန်းဆီဈေးနှုန်း

များလည်း ယခုနှစ်အစောပိုင်းကထက် ၄၀ ရာခိုင်နှုန်းခန့်မြင့်တက်နေတာကြောင့် ဆီဈေးပြန်ကျဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အာဏာပိုင်များက ပြည်တွင်းဈေးကွက်တွင် ရောင်းချနေတဲ့ ဟင်းချက်ဆီများအတွက် ဈေးနှုန်းတစ်ခုတည်းကို သတ်မှတ်ပြဋ္ဌာန်းပေးမယ်လို့ ဆိုပါတယ်။ ဆီဈေးသက်သာအောင် အစိုးရမှ ထောက်ပံ့ကြေး ပေးနေတာကိုလည်း ထိရောက်မှုရှိစေဖို့ စည်းမျဉ်းစည်းကမ်းအသစ်တွေ ပြဋ္ဌာန်းမယ်လို့ ကုန်သွယ်ရေးဝန်ကြီး Muhammad Lutfi က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါတယ်။

ဟင်းသီးဟင်းရွက်ဆီတင်ပို့မှုကို အစိုးရကတားမြစ်ထားခြင်းမရှိသော်လည်း ပြည်တွင်းထောက်ပံ့မှုတိုင်းတာရန်အတွက် တင်ပို့မှုမှတ်တမ်း အပြည့်အစုံရှိရန် လိုအပ်ကြောင်း ၎င်းကပြောကြားပါတယ်။
မူဝါဒအသစ်ကို ခြောက်လကြာ ချမှတ်ပြဋ္ဌာန်းထားမှာ ဖြစ်ပါတယ်။

စားအုန်းဆီတင်ပို့သူများအနေဖြင့် ဇန်နဝါရီ ၂၄ ရက်မှ စတင်ကာ ကုန်သွယ်မှုဝန်ကြီးဌာနထံမှ ပို့ကုန်ပါမစ်ရယူရမည် ဖြစ်ကြောင်း အကြီးတန်းအရာရှိ အင်ဒရာဆာရီ ဝိစနုဝါဒါနာက virtual media သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါတယ်။ လက်ရှိမှာတော့ တင်ပို့သူတွေက အကောက်ခွန်ရှင်းလင်းရေးလုပ်ကိုင်ဖို့ပဲ လိုအပ်ပါတယ်။ ပို့ကုန်ပါမစ်လျှောက်ထားဖို့ မလိုအပ်ပါဘူး။

စားအုန်းဆီတင်ပို့သူများအနေဖြင့် လာမယ့် ၆ လ အတွင်း ပြည်တွင်းဈေးကွက်မှာ မည်ရွေ့မည်မျှရောင်းချပေးကြောင်း စာရင်းကြေညာဖို့လိုအပ်မှာဖြစ်ပြီး စာရင်းမကြေညာတဲ့လုပ်ငန်းတွေကို စားအုန်းဆီ ပို့ကုန်ပါမစ်ပိတ်ထားမယ်လို့လည်း အင်ဒရာဆာရီ ဝိစနုဝါဒါနာက ပြောကြားပါတယ်။ အစိုးရအနေဖြင့် စားအုန်းဆီလုပ်ငန်းရှင်များ ပြည်တွင်းဈေးကွက်မှာ ရောင်းချပေးရမယ့် အနည်းဆုံးပမာဏ သတ်မှတ်ပြဋ္ဌာန်းမှာ မဟုတ်ကြောင်းလည်း ၎င်းကပြောကြားပါတယ်။

ဟင်းချက်ဆီတစ်ခုတည်းသော ရောင်းဈေးမူဝါဒကို ဇန်နဝါရီလ ၁၉ ရက်မှာစတင်ပါတယ်။ လောလောဆယ်သတ်မှတ်ဈေးက ဟင်းချက်ဆီ တစ်လီတာ 14,000 rupiah (US$0.9766) ဖြစ်ပါတယ်။ အဲဒီဈေးနှုန်းက အိမ်သုံးအဖြစ်ဝယ်ယူခြင်းနဲ့ လုပ်ငန်းငယ်များ ဝယ်ယူခြင်းတို့အတွက်သာဖြစ်ပါတယ်လို့ သူကရှင်းပြပါတယ်။ လက်ရှိ ဟင်းချက်ဆီ လက်လီရောင်းဈေးက တစ်လီတာ 21,000 rupiah ဖြစ်ပြီး ဈေးတက်ရိပ်ပြနေပါတယ်။

အစိုးရသတ်မှတ်တဲ့ တစ်ခုတည်းသောရောင်းဈေးဖြင့်ရောင်းချပေးနိုင်ဖို့ အစိုးရက အင်ဒိုနီးရှားနိုင်ငံသုံးငွေ ရူပီယာ ၇ ဒသမ ၆ ထရီလီယံ သုံးစွဲပြီး ထောက်ပံ့ပေးမှာဖြစ်ပါတယ်။ ၆ လတိုင်တိုင် လစဉ်ဟင်းချက်ဆီ လီတာ သန်း ၂၅၀ အတွက် ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ အခုလိုထောက်ပံ့ဖို့ရန်ပုံငွေကိုရရှိဖို့ ပြည်ပတင်ပို့တဲ့စားအုန်းဆီများထံမှ ပို့ကုန်ခွန်ကောက်ခံသွားမှာ ဖြစ်ပါတယ်။

Source: https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4225

## IMF က အမေရိကန်၏ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်မှုအပေါ် သတိပေးမှုကြောင့် တောင်အာဖရိကနိုင်ငံ၏ ဗဟိုဘဏ်သည် အတိုးနှုန်းမြင့် တက်လာနိုင်ခြေရှိခြင်း

ကမ္ဘာ့စီးပွားရေးအကြီးဆုံးဖြစ်သည့် အမေရိကန်နိုင်ငံ၏ ကုန်ဈေးနှုန်းကြီးမြင့်နေမှုကြောင့် လက်ရှိငွေကြေးမူဝါဒကို ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်နေမှုသည် တောင် အာဖရိကနိုင်ငံ ဗဟိုဘဏ်အား အတိုးနှုန်းထပ်မံမြှင့်တင်ရမည့်အခြေအနေသို့ တွန်းပို့နေကြောင်း၊ IMF ကအမေရိကန်နိုင်ငံသည် ကိုဗစ်ဗီဇပြောင်း Omicron ဖြစ်ပေါ်မှု ကြောင့် ကုန်ထုတ်လုပ်မှုလျော့နည်းပြီး ကုန်ဈေးနှုန်းကြီးမြင့်နေ၍ အတိုးနှုန်းမြှင့်တင်မည့်အခြေအနေရှိကြောင်းကို ဖွံ့ဖြိုးဆဲနိုင်ငံများအား ထည့်သွင်းစဉ်းစားရန် ထောက်ပြခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဒီဇင်ဘာလမှစတင်၍ ၇ ရာခိုင်နှုန်းအထိ မြင့်တက်နိုင်သည့်အခြေအနေဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်မှုသည် နှစ် ၄၀ တွင် အမြင့်ဆုံးဖြစ်နိုင်ကြောင်း၊ အဆိုပါဈေးကွက် အခြေအနေသည် အမေရိကန်ဗဟိုဘဏ် အားအတိုးနှုန်းမြှင့်တင်ရန်အချက် ဖြစ်စေကြောင်း သိရှိရပါသည်။

စီးပွားရေးပညာရှင်များက ပြောကြားရာတွင် ကမ္ဘာ့စီးပွားရေး ပြန်လည်ကောင်းမွန်လာနိုင်မှုသည် ငွေကြေးဖောင်းပွမှုကြာရှည်စွာဖြစ်ပေါ်မှုမရှိသည့် အမေရိကန် စီးပွားရေးအပေါ်မူတည်နေကြောင်း၊ အမေရိကန်နိုင်ငံ၏ ငွေကြေးမူဝါဒ တင်းကျပ်မှုသည် ဆင်းရဲသည့်နိုင်များကို အထိနာစေနိုင်ကြောင်း၊ အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်း လျင်လျင်မြန်မြန်မြှင့်တင်ခြင်းသည် ငွေကြေးဈေးကွက်ကို ထိရောက်စေပြီး ကမ္ဘာ့ငွေကြေးအခြေအနေများကို အကျပ်ရိုက်စေနိုင်ကြောင်း၊ ယခင်နှစ်တွင် နိုင်ငံများစွာ၌ အမေရိကန်ဒေါ်လာချေးငှားမှုနှုန်းလျော့နည်းခဲ့သော်လည်း ပြည်တွင်းငွေကြေးဖောင်းပွမှုနှင့် နိုင်ငံခြားငွေရန်ပုံငွေတည်ငြိမ်နိုင်ရန် လိုအပ်ခြင်းများကြောင့် တောင်အာဖရိကနိုင်ငံ၊ ဘရာဇီးလ်နိုင်ငံနှင့် ရုရှားနိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများစွာတွင် အတိုးနှုန်းမြှင့်တင်မှုကို စတင်ဆောင်ရွက်ခဲ့ရကြောင်း သိရှိရ ပါသည်။ တောင်အာဖရိကနိုင်ငံ ဗဟိုဘဏ်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ပြန်လည်ဝယ်ယူသည့်နှုန်းကို ၂၅ မှတ်၊ ၃ ဒသမ ၇၅ ရာခိုင်နှုန်းအထိ မတ်လမှစတင်လျှင် ပထမဆုံး

အကြိမ်မြှင့်တင်ခဲ့ရကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်တွင်လည်း အမေရိကန်နိုင်ငံ ဗဟိုဘဏ်၏ အတိုးနှုန်း မြင့်တက်မှုနှင့်အတူ ဈေးကွက်နှင့်ကိုက်ညီရန် ၂၅ မှတ်အထိ မြှင့်တင်နိုင်ဖွယ်ရှိကြောင်း၊ တောင်အာဖရိကနိုင်ငံ၏ ယန်း ငွေကြေး ရောင်းဝယ်မှုသည် အမေရိကန်ဒေါ်လာအတိုးနှုန်း အလျင်အမြန်မြင့်တက်မှုအပေါ်တွင် အတက်အကျများစွာဖြစ်ပေါ်လျက်ရှိကြောင်း၊ သို့သော် ၂၀၂၂ ခုနှစ်အစသည် တောင်အာဖရိကနိုင်ငံ၏ စီးပွားရေးကောင်းမွန်သည့်အနေအထားတွင် ရှိနေသေးသည့်အတွက် အမေရိကန်နိုင်ငံ၏ အတိုးနှုန်းမြှင့်တင်မှုသည် ယန်း ငွေကြေးကိုများစွာထိခိုက်မှုမရှိနိုင်သေးကြောင်းသိရှိရပါသည်။

Source: [https://www.iol.co.za/business-report/economy/sa-reserve-bank-could -hike-the-repo-rate-as-imf-sounds-us-inflation-warning-a8727ff1-031 d-4052-aad0-7fa33988150e](https://www.iol.co.za/business-report/economy/sa-reserve-bank-could-hike-the-repo-rate-as-imf-sounds-us-inflation-warning-a8727ff1-031d-4052-aad0-7fa33988150e)

Source: ကျော်ဆန်း-စီးပွားရေးသံမှူး၊ ပရီတိုးရီးယားမြို့

## အင်ဒိုနီးရှားက အပူကျောက်မီးသွေးတင်ပို့မှု ယာယီရပ်ဆိုင်းလိုက်ခြင်းကြောင့် ကမ္ဘာ့ကျောက်မီးသွေး ထောက်ပံ့မှုကျဆင်း

အင်ဒိုနီးရှားအစိုးရသည် ဇန်နဝါရီလအတွက်အပူကျောက်မီးသွေးတင်ပို့မှုအချို့ကို ဆိုင်းငံ့ထားလိုက်ကြောင်း သိရှိရပါသည်။ ပြည်တွင်းထောက်ပံ့မှုကိုအာမခံချက်ရှိရန် အင်ဒိုနီးရှားအစိုးရ၏ အပူကျောက်မီးသွေးတင်ပို့မှုကိုရပ်ဆိုင်းရန် ဆုံးဖြတ်ချက်သည် တရုတ်ဈေးကွက်ကြောင့် ပိတ်မိလျက်ရှိသော ဩစတြေးလျတူးဖော်ရေးလုပ်ငန်းများအတွက် သက်ရောက်မှုရှိစေနိုင်ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ကျောက်မီးသွေးတင်ပို့သူဖြစ်ပြီး၊ ကမ္ဘာ့လုံးဆိုင်ရာ အပူကျောက်မီးသွေး ကုန်စည်ပို့ဆောင်မှု၏ ၄၀ ရာခိုင်နှုန်းအထိ ကုန်သွယ်မှုပြုလျက်ရှိကာ ၂၀၂၀ ပြည့်နှစ်တွင် တန်ချိန် သန်း ၄၀၀ အထိ တင်ပို့နိုင်ခဲ့ပါသည်။ သို့သော် ဥပဒေများအရ မိုင်းတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀ ဝန်းကျင် ဈေးကွက်ပေါက်ဈေးအောက်ဈေးနှုန်းဖြင့် နိုင်ငံပိုင်ပြည်တွင်းဓာတ်အားပေးစက်ရုံသို့ ဦးစားပေးသွင်းရန် လိုအပ်ပါသည်။

အင်ဒိုနီးရှားသည် ဇန်နဝါရီလအတွက် အပူကျောက်မီးသွေးတင်ပို့မှုကို ပိတ်ပင်ထားရာ ကျောက်မီးသွေးတန်ချိန် သန်း ၃၀ အထိ ပြတ်တောက်သွားနိုင်သည့်အတွက် ဓာတ်အားပေးစက်ရုံများတွင် ထောက်ပံ့မှုကျဆင်းသွားခြင်းဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများဖြစ်ပွားနိုင်သည့် အခြေအနေဖြစ်ကြောင်းသိရှိရပါသည်။ အဆိုပါ သက်ရောက်မှုမှာ အင်ဒိုနီးရှားနိုင်ငံနှင့် အဓိကကုန်သွယ်မှုပြုလုပ်လျက်ရှိသော ကျွန်းစုနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့အပေါ် သက်ရောက်မှုရှိနိုင်ကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့်နှစ်များအတွင်း အင်ဒိုနီးရှားအစိုးရသည် ကုန်ကြမ်းတင်ပို့မှုကို ထိထိရောက်ရောက် ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်ခဲ့ပြီး၊ တင်ပို့မှုများအတွက် ကုန်ကြမ်းထောက်ပံ့ပေးရုံမျှအဆင့်မဟုတ်ဘဲ တန်ဖိုးမြှင့်ထုတ်ကုန်အစိတ်အပိုင်းများ ထုတ်လုပ်နိုင်ရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ အင်ဒိုနီးရှား၏ မိုင်းလုပ်ငန်းကဏ္ဍသည် တားမြစ်ချက်ကို ပယ်ဖျက်ရန် အစိုးရနှင့်တွေ့ဆုံဆွေးနွေးရန် အသည်းအသန်ကြိုးစားလျက်ရှိပြီး၊ အဆိုပါဆုံးဖြတ်ချက်သည် လျှပ်စစ်ဓာတ်အား အသည်းအသန်လိုအပ်လျက်ရှိသော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အတွက် မသေချာမရေရာမှုများကို ဖြစ်ပေါ်စေပါသည်။

ဩစတြေးလျ ကျောက်မီးသွေးတင်သွင်းမှုကို ပိတ်ပင်လိုက်ခြင်းကြောင့် တရုတ်နိုင်ငံ၏ စွမ်းအင်မပြေလည်မှုများ ပိုမိုဆိုးရွားလာကာ အိမ်နီးချင်းနိုင်ငံများထံမှ အရည်အသွေးမြင့် သတ္တုနှင့် အပူကျောက်မီးသွေး နှစ်မျိုးစလုံး၏ တင်သွင်းမှုများကို ဆက်လက်ရရှိရန်အခက်အခဲရှိနေပါသည်။ တရုတ်နိုင်ငံသည် ဩစတြေးလျနှင့် ၎င်း၏ဆက်ဆံရေးကို ပြန်လည်သုံးသပ် ခြင်းဖြင့် အပူကျောက်မီးသွေးတင်ပို့မှုနှင့်စပ်လျဉ်း၍ တရုတ်နှင့်ဩစတြေးလျတို့ကြား ပြန်လည်ဖွင့်လှစ်ရန် အခွင့်အလမ်းရှိသည်မှာ သေချာသော်လည်း အင်ဒိုနီးရှားနိုင်ငံ၏ တင်ပို့မှုပိတ်ပင်မှာ ကာလမည်မျှအထိ ကြာမြင့် နိုင်မည်ဆိုသည့်အချက်ပေါ် မူတည်နေပါသည်။

ကပ်ရောဂါလွန်မြင့်တက်လာသည့် စီးပွားရေးအရှိန်အဟုန်မှာ ရပ်တန့်သွားမည့်အရိပ်အယောင် အနည်းငယ်ပြသနေရာ ကျောက်မီးသွေး၊ ဓာတ်ငွေ့နှင့် ရေနံထောက်ပံ့မှုတို့အပေါ် မသေချာမရေရာမှုများ ဆက်လက်တည်ရှိနေသောကြောင့် ယခုနှစ်၏ လက်ကျန်တစ်လျှောက်တွင် စွမ်းအင်ဈေးကွက်များသည် အားကောင်းနေမည်ဟု ခန့်မှန်းရသည်။ ဈေးကွက်များ၊ အစိုးရများနှင့် စားသုံးသူများသည် အိမ်သုံးနှင့် စီးပွားရေးလုပ်ငန်းသုံးအတွက် စွမ်းအင်ကုန်ကျစရိတ်များ မြင့်တက်လာခြင်းကို တိုက်ရိုက် ဖြစ်ပေါ်စေသောကြောင့် စွမ်းအင်ဈေးနှုန်းနှင့်ပတ်သက်၍ စိုးရိမ်လျက်ရှိကြကြောင်း သိရှိရပါသည်။

Source: [www.abc.net.au](http://www.abc.net.au)

Source: ရှင်စောသု -စီးပွားရေးသံမှူး၊ ကင်ဘာရာမြို့

## တရုတ်နိုင်ငံသည် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်များအရ အကောက်ခွန်လျှော့ချ

အရည်အသွေးမြင့်မားသည့် ဖွင့်လှစ်မှုများအား တိုးတက်လာစေရန်အတွက် တရုတ်နိုင်ငံသည် နိုင်ငံပေါင်း (၂၉) နိုင်ငံမှ ထုတ်လုပ်တင်ပို့သည့် ကုန်စည်များအပေါ်တွင် ကောက်ခံသည့် အကောက်ခွန်နှုန်းထားများအား ၂၀၂၂ ခုနှစ်မှစတင်၍ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များအရ အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ချုပ်ဆိုထားသည့် နယူးဇီလန်၊ ပီရူး၊ ဆွစ်ဇာလန်၊ အိုင်ယာလန်နှင့် Costa Rica တို့အပါအဝင် နိုင်ငံနှင့်ဒေသများမှ ထုတ်လုပ်တင်ပို့မည့် ကုန်စည်များအပေါ် ကောက်ခံမည့် အကောက်ခွန်နှုန်းထားများအား ပိုမိုလျှော့ချပေးမည်ဖြစ်ကြောင်း၊ အလားတူပင် တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူစာချုပ်နှင့် တရုတ်-ကမ္ဘောဒီးယား လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်များ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ အကောက်ခွန်များလျှော့ချခြင်းဖြင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန်၊ အရည်အသွေးမြင့်မားသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ တင်သွင်းမှုများ မြင့်တက်လာစေရန်အတွက် တင်သွင်းရာတွင် ကောက်ခံသည့် အကောက်ခွန်နှုန်းများ ပိုမိုလျှော့ချပေးရန် ကြိုးပမ်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အလားတူပင် တရုတ်နိုင်ငံသည် တရုတ်- စင်္ကာပူ နှစ်နိုင်ငံအကြားချုပ်ဆိုထားသည့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် အဆင့်မြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးမှုများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖြေလျှော့ပေးမှုများ ပိုမိုတိုးတက်လာခြင်းဖြင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ဈေးကွက်ဝင် အခွင့်အလမ်းများ ပိုမိုရရှိစေမည်ဖြစ်သည်ဟု တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: https://www.globaltimes.cn/page/202112/1241606.shtml

Source: ရွှေစင်ဦး- မြန်မာစီးပွားရေးသံမှူး၊ ဘေကျင်းမြို့

## အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ်ပြန့်နှံ့မှုနှင့် ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသတွင်း ပြိုင်ဆိုင်မှု ပြင်းထန်နေမှုကြောင့် ရေနံစိမ်းဈေးနှုန်းများမြင့်တက်

အိုမီခရွန်မျိုးကွဲဗိုင်းရပ်စ်ပြန့်နှံ့မှုနှင့် ဥရောပနှင့်အရှေ့အလယ်ပိုင်းဒေသတွင်း ပြိုင်ဆိုင်မှုပြင်းထန်နေမှုကြောင့် ရေနံစိမ်းဈေးနှုန်းများ ကျဆင်းလျက်ရှိရာမှ ၁၈-၁-၂၀၂၁ ရက်နေ့၊ နံနက်ပိုင်းတွင် West Texas Intermediate ကြိုရောင်းဝယ်မှုတွင် အမေရိကန်ရေနံစိမ်းဈေးနှုန်းသည် တစ်စည်လျှင် ၁ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ကာ အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၂၀ ထိ ရောက်ရှိခဲ့ကြောင်း၊ ယင်းသည် ၂၀၁၄ခုနှစ်တွင် ရှယ်ယာ (Share)မှ ထုတ်လုပ်သည့် ရေနံပြဿနာဖြစ်ပြီး နောက်ပိုင်း အမြင့်ဆုံးမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ အမေရိကန်နိုင်ငံ၏ ရေနံထုတ်လုပ်သည့် နိုင်ငံကြီးအဖြစ် ပြန်လည်ရပ်တည်လာခြင်းကြောင့် နှစ်ပေါင်းများစွာဈေးကျဆင်းလျက်ရှိသည့် ရေနံဈေးကွက်ပြန်လည် ရှင်သန်လာတော့မည်ဖြစ်ကြောင်း ၁၈-၁-၂၀၂၂ ရက်နေ့ထုတ် The Wall Street Journal တွင် ဖော်ပြထား ပါသည်။

အရှေ့အလယ်ပိုင်းနှင့် ဥရောပနိုင်ငံများ၏ ပြိုင်ဆိုင်မှုသည် စွမ်းအင်ဈေးကွက်ကို ထိခိုက်မှုရှိလာနိုင်ကြောင်း၊ အထူးသဖြင့် ရေနံစိမ်းအဓိကထုတ်လုပ်သည့် ရုရှနှင့် ယူအေအီးနိုင်ငံတို့မှ ရောင်းချမှုလျော့နည်းလာသည့်အတွက်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် အိုမီခရွန် မျိုးကွဲဗိုင်းရပ်စ်ပြန့်နှံ့မှုကို အသိအမှတ်ပြုခဲ့သော်လည်း စက်သုံးဆီသုံးစွဲမှု မကျဆင်းခဲ့ကြောင်း၊ ၁၈-၁-၂၀၂၂ ရက်နေ့ တွင် ကမ္ဘာ့ရေနံထုတ်လုပ်တင်ပို့သည့်နိုင်ငံများအသင်း - အိုပက်မှ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ယခုနှစ်တွင် တစ်ရက်လျှင် ကမ္ဘာ့စက်သုံးဆီသုံးစွဲမှုသည် စည်ပေါင်း ၁၀၀ ဒသမ ၈ သန်း ရှိနိုင်သည်ဟု ခန့်မှန်းထားသည့်အတွက် ၂၀၂၁ ခုနှစ်ထက် စည်ပေါင်း ၄ ဒသမ ၂ သန်း ပိုမိုသုံးစွဲလာနိုင်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများသည် စွမ်းအင်ကုမ္ပဏီကြီးများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြကြောင်း၊ ၂၀၂၂ ခုနှစ်တွင် S&P 500 အကောင်းဆုံးစွမ်းဆောင်သူအဖြစ် ရောက်ရှိလာမည်ဟု ခန့်မှန်းကြကြောင်း၊ Chevron Corp. သည် ၉ ဒသမ ၉ ရာခိုင်နှုန်း နှင့် Exxon Mobil Corp. သည် ၁၇ ရာခိုင်နှုန်း အသီးသီး ရှယ်ယာတန်ဖိုး မြင့်တက်လာကြောင်း ဖော်ပြထားပါသည်။

စက်သုံးဆီဈေးနှုန်းမြင့်တက်လာစေသည့် နောက်ထပ်အကြောင်းခြင်းရာတစ်ခုမှာ အမေရိကန်ပြင်ပတွင် သဘာဝဓာတ်ငွေ့ရှားလာမှုပင်ဖြစ်ကြောင်း၊ ဥရောပနှင့် အာရှတွင် သဘာဝဓာတ်ငွေ့မှ စက်သုံးဆီပြောင်းလဲသုံးစွဲလာခြင်းကြောင့် စက်သုံးဆီဝယ်လိုအားသည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တစ်ရက်လျှင် စက်သုံးဆီစည်ပေါင်း ၅ သိန်းခန့်မြင့်တက်ခဲ့ကြောင်း၊ ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် တစ်ရက်လျှင် နောက်ထပ် ၃ သိန်းခန့် မြင့်တက်လာနိုင်သည်ဟု Goldman Sachs Group မှ သုတေသီများကခန့်မှန်းကြကြောင်း၊ စက်သုံးဆီဈေးနှုန်းများမြင့်တက်ခြင်းသည် ကုန်စည်

ဈေးနှုန်းများ မြင့်တက်လာမည်ဖြစ်သည့်အတွက် ကြိုရောင်းဝယ်မှုများတွင် ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာကြောင်း ဖော်ပြထားပါသည်။

Source: https://www.wsj.com/articles/oil-prices-hit-seven-year-high-on-rising-geopolitical-tensions-11642507485?mod=hp_lead_pos5

Source: ခင်မြမြထွေး -စီးပွားရေးသံမှူး- အမေရိကန်

## အိန္ဒိယ၏ လယ်ယာကဏ္ဍပို့ကုန်တန်ဖိုး ဒေါ်လာ ၅၀ ဘီလီယံ ကျော် ရနိုင်ဖွယ်ရှိ

အိန္ဒိယနိုင်ငံ၌ လက်ရှိ ၂၀၂၁-၂၂ ဘဏ္ဍာရေးနှစ်အတွင်း ဧပြီလမှ နိုဝင်ဘာလအထိ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့မှုမှာ ယခင်နှစ်ကာလတူထက် ၂၃ ဒသမ ၂၁ ရာခိုင်နှုန်းတိုးတက်လျက် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၀၅ ဘီလီယံ ရရှိထားပြီးဖြစ်ရာ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ ဒေါ်လာ ၅၀ ဘီလီယံအထိ ရရှိနိုင်ဖွယ်ရှိကြောင်း အိန္ဒိယအစိုးရက ၂၀-၁-၂၀၂၂ နေ့တွင် ခန့်မှန်းချက်ထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် COVID-19 ကပ်ရောဂါကာလအတွင်း အရည်အသွေးဆိုင်ရာ အသိအမှတ်ပြုမှုနှင့် သက်သေခံလက်မှတ်ထုတ်ပေးမှု ဆောင်ရွက်သည့်လုပ်ငန်းများ၏ သက်တမ်းကာလကို တိုးမြှင့်ပေးခြင်း၊ ပြဿနာအခက်အခဲများအား ဖြေရှင်းရန်ထိန်းချုပ်ရေးဌာနများ တည်ထောင်ဆောင်ရွက်ခြင်း၊ ပို့ကုန်များအတွက် အင်တာနက်အွန်လိုင်းစနစ်ဖြင့် ထောက်ခံချက်များထုတ်ပေးခြင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ဓာတ်ခွဲစမ်းသပ်ခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းစသည်တို့ အပါအဝင် လုပ်ငန်းအဆင့်များစွာကို လုပ်ဆောင်ခဲ့ခြင်းက လယ်ယာကဏ္ဍပို့ကုန်အရှိန်အဟုန်မြှင့်တင်မှုကို အထောက်အကူပြုလျက် ကမ္ဘာ့ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့ကြောင်း၊ လက်ရှိတိုးတက်မှုနှုန်းထားအရ ယခင်ဘဏ္ဍာနှစ်၌ ရရှိခဲ့သော လယ်ယာကဏ္ဍ ပို့ကုန်တန်ဖိုးဒေါ်လာ ၄၁ ဒသမ ၂၅ ဘီလီယံထက်ပိုမိုလျက် ပထမဦးဆုံးအကြိမ်အဖြစ် ၅၀ ဘီလီယံကျော် ရရှိနိုင်မည်ဟုခန့်မှန်းရကြောင်း၊ ယခုနှစ်တွင် ဆန်တင်ပို့မှုကို တန်ချိန် ၂၁ သန်းမှ ၂၂ သန်းအထိ ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း၊ ဘာစမာတီမဟုတ်သောဆန် တိုးတက်မှု ၄၆ ရာခိုင်နှုန်း ၊ ဂျုံ ၄၁၂ ရာခိုင်နှုန်း၊ သကြား ၆၂ ရာခိုင်နှုန်း နှင့် အခြားနံစားသီးနှံ ၇၉ ရာခိုင်နှုန်းတို့ကို စံချိန်တင် တင်ပို့ထားပြီးဖြစ်ကြောင်း၊ ရေထွက်ပို့ကုန်သည်လည်း ဒေါ်လာ ၈ ဘီလီယံအထိ ပထမဆုံးအကြိမ် တင်ပို့နိုင်ဖွယ်ရှိကြောင်း၊ အလားတူ ဟင်းခတ်အမွေးအကြိုင်တင်ပို့မှုမှာလည်း ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံ တန်ဖိုးဝန်းကျင်ဖြင့် စံချိန်တင်ရရှိနိုင်ရန်ခန့်မှန်းထားကြောင်း၊ ကုန်ထုတ်သွင်းအားစုအပိုင်း၌ အခက်အခဲများကြီးမားစွာရှိနေသော်လည်း အိန္ဒိယ၏ ကော်ဖီပို့ကုန်လုပ်ငန်းမှာ တိုးတက်မှု ၃၅ ရာခိုင်နှုန်းခန့်ဖြင့် အခြေအနေကောင်းမွန်လျက် ရှိကြောင်းဖော်ပြပါသည်။

Source: India's agri exports to touch highest level of $50 billion in FY22, says govt, 20-1-2022, The Hindu Business Line

Source: နေအေးလွင်-စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

## Amata ကုမ္ပဏီအနေဖြင့်လာအိုနိုင်ငံတွင်အမေရိကန်ဒေါ်လာ (၁)ဘီလီယံတန်ဖိုးရှိ Smart and Eco City အား တည်ဆောက်မည်

ထိုင်းစတော့အိတ်ချိန်းစာရင်းဝင် အမတကော်ပိုးရေးရှင်း(Amata Corporation Plc) အနေဖြင့် လာအိုနိုင်ငံတွင် အမေရိကန်ဒေါ်လာ(၁)ဘီလီယံတန်ဖိုးရှိ **Smart and Eco City** ကိုတည်ဆောက်ခြင်းဖြင့် ၎င်း၏ ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှု တိုးချဲ့ခြင်းကိုဆက်လက်၍လုပ်ဆောင်နေကြောင်းသိရှိရပါသည်။

ကုမ္ပဏီအနေဖြင့်လာအိုနိုင်ငံမြောက်ပိုင်းရှိလွမ်နမ်သာခရိုင်Luang Namtha Province နာတူ (Natuey) တွင် အကျယ်အဝန်းမြေ(၂,၅၆၂.၅) ရိုင် (Rai) (သို့မဟုတ်) (၄၁၀)ဟက်တာအပေါ်တွင် စက်မှုမြို့တော်အသစ်တည်ဆောက်ရန် ခွင့်ပြုချက်ရရှိခဲ့ကြောင်းသိရှိရပါသည်။

အဆိုပါစက်မှုမြို့တော်သည် ထိရောက်သောစွမ်းအင်အသုံးပြု အခြေခံအဆောက်အဦနှင့် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုတို့နှင့်အတူ ခေတ်မီစက်မှုမြို့တော်များအတွက် စံပြဖြစ်လာမည်ဖြစ်ကြောင်း Amata ၏ အမှုဆောင်အရာရှိချုပ် Vikrom Kromadit ကပြောကြားခဲ့ကြောင်းသိရှိရပါသည်။

Amata **Smart and Eco City** စီမံကိန်းပရောဂျက်ကို ယခုနှစ်အစောပိုင်းတွင်စတင်၍ တည်ဆောက်မည်ဖြစ်ပြီး အဆင့်လိုက်အားဖြင့် ၂၀၀ စတုရန်းကီလိုမီတာ ဟက်တာ ၂၀,၀၀၀ အထိတိုးချဲ့၍တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဖွံ့ဖြိုးရေးစီမံကိန်းကို Amata ၏ ရာနှုန်းပြည့်ပိုင်ဆိုင်သည့် Amata City Lao Sole Company က ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရပါ သည်။

Amata **Smart and Eco City** စီမံကိန်းကို ထောက်ပံ့ပို့ဆောင်ရေးနှင့်သိုလှောင်ရုံများအပါအဝင် စက်ပစ္စည်းများ၊ ရော်ဘာနှင့်ပလပ်စတစ်ထုတ်ကုန်များ၊ အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေးလုပ်ငန်းများ၊ အလားတူ ဓါတုဗေဒနှင့် ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများအပါအဝင် နယ်ပယ်အသီးသီးမှ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို ဝန်ဆောင်မှုပေးနိုင်ရန် Design ပုံစံထုတ်လုပ်ရန်ရည်ရွယ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ထို့အပြင်အဆိုပါစီမံကိန်းသည် လာအိုနိုင်ငံ၏ GDP ကို တွန်းအားပေးကူညီရန်နှင့် တိုင်းပြည်အတွင်းသို့ စီးပွားရေး ဆိုင်ရာကြွယ်ဝမှုများနှင့် ရေရှည်တည်တံ့အောင်မြင်ရေးတို့ကို ဆောင်ကျဉ်းပေးနိုင်ရန်ကိုလည်း ရည်ရွယ်ထားကြောင်း သိရှိရ ပါသည်။

Amata ကုမ္ပဏီအနေဖြင့် Amata **Smart and Eco City** စီမံကိန်းကိုမြှင့်တင်ရာတွင် ကူညီနိုင်ရန် တရုတ်၊ ဂျပန်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံစုံကုမ္ပဏီကြီးများနှင့် အစိုးရများကို ဖိတ်ကြားရန်စီစဉ်ဆောင်ရွက်နေကြောင်း၊ ၎င်းတွင် ယိုကိုဟားမား စက်မှုမြို့တော်နှင့် ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့အစည်း JETRO တို့လည်းပါဝင်ကြောင်းသိရှိရပါသည်။

မိမိတို့အနေဖြင့် အထက်ဖော်ပြပါ လေးနိုင်ငံနှင့်လာအိုနိုင်ငံတို့ဖြင့် အဆိုပါ စီမံကိန်းပရောဂျက်ကို အလားအလာ အပြည့်အဝနှင့်ဖွံ့ဖြိုးတိုးတက်စေရန် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mr. Vikorm က ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

ကုမ္ပဏီအနေဖြင့် လာအိုနိုင်ငံအား ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ ခေတ်မီသောနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ အတွက် ပိုမိုဆွဲဆောင်မှုရှိသည့်နေရာ ဖြစ်လာစေရေးကူညီပေးရန်နှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအပေါ် ပံ့ပိုးကူညီရန် ပူးပေါင်းဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်၍ ပြောကြားခဲ့ပါသည်။

ယခုအချိန်အထိ Amata ကုမ္ပဏီအနေဖြင့် ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့တွင် စက်မှုမြို့တော်များကို ဖော်ဆောင်ထား ပြီးစုစုပေါင်းအားဖြင့် စက်မှုဇုန်တွင်ငှားရမ်းသူများနှင့် နေထိုင်သူပေါင်း ၁,၄၀၀ ကျော်ရှိပြီဖြစ်ကြောင်းသိရှိရပါသည်။ အဆိုပါ စက်မှုမြို့တော်များသည် အနီးအနားတွင်နေထိုင်သူ ၃၀၀,၀၀၀ ကျော်ရှိပြီး မြို့ပြအဖြစ်ထွန်းကားလာစေကြောင်း သိရှိရပါ သည်။

ထိုင်းနိုင်ငံတွင်Amataကုမ္ပဏီအနေဖြင့် အရှေ့ပိုင်းစီးပွားရေးစင်္ကြန်ရှိ Amata City (Rayong)နှင့်Amata City (Chon Buri)တို့တွင် စက်မှုမြေ ၁၀,၀၀၀ ရိုင်(Rai)ကို ဖော်ဆောင်လျှက်ရှိကြောင်းသိရှိရပါသည်။ Bangkok Post

Source: လွင်မျိုးဇော်– စီးပွားရေးသံမှူး–ထိုင်း

## ၂၀၃၅ ခုနှစ်တွင် သယ်ယူပို့ဆောင်ရေးကွန်ယက်များကို အဆင့်မြှင့်တင်ဆောင်ရွက်ပြီးဖြစ်အောင် ဆောင်ရွက်သွားမည့် တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

၂၀၃၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်သယ်ယူပို့ဆောင်ရေးပုံစံတစ်ရပ်အဖြစ် အဆင့်မြှင့်တင်သွားရန် ဘက်စုံ သုံးဦးသုံးဖလှယ်သယ်ယူပို့ဆောင်ရေးကွန်ရက်တစ်ခုအား ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက ဆောင်ရွက်သွားမည်ဟု သိရပါသည်။

အဆိုပါ အဆိုပြုချက်ကို (၁၅)နှစ်မြောက် သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးမှုစီမံကိန်းတွင် ထည့်သွင်းခဲ့ခြင်းဖြစ်ကာ၊ နန်နင်း မြို့မှာ ၎င်းသယ်ယူပို့ဆောင်ရေးကွန်ရက်၏ အချက်အချာအဖြစ် တည်ရှိမည်ဖြစ်ပါသည်။ နန်နင်းမြို့နှင့် ကွမ်ရှီးဒေသအတွင်းရှိ အခြားမြို့များသို့ ခရီး သွားလာရာတွင် ကြာမြင့်ချိန်ကို ၂ နာရီအတွင်းသာရှိစေရန် လျှော့ချပေးသွားမည်ဖြစ်ပါသည်။

ကွမ်ရှီးအတွင်းရှိ မြို့များ၏ အချက်အချာနေရာများသို့ သွားရောက်ချိန်ကို ၄၅ မိနစ်ခန့်သာကြာမြင့်စေ၍၊ ပေပု ပင်လယ်ကွေ့မြို့တော်များအကြား ခရီးသွားလာရာတွင် ကြာမြင့်ချိန်ကို တစ်နာရီဝန်းကျင် လျှော့ချပေးသွားမည်ဖြစ်ပါသည်။

ကွမ်ရှီးမှကုန်ပစ္စည်းများကို တရုတ်နိုင်ငံအတွင်းသို့ တစ်ရက်အတွင်း၊ အာဆီယံနိုင်ငံများသို့ နှစ်ရက်အတွင်းနှင့် ကမ္ဘာ တစ်ဝှမ်းမှ အဓိကမြို့ကြီးများသို့ သုံးရက်အတွင်းရောက်ရှိနိုင်ရန် ထိရောက်သည့်ကုန်သေတ္တာသယ်ယူပို့ဆောင်ရေး အဝန်း အဝိုင်းကိုဖွဲ့စည်းသွားမည်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာပင်လယ်ရေကြောင်း ဗဟိုချက်နေရာအတွက် အစုအဖွဲ့များ၊ ဒေသတွင်းယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ခေတ်မီလေဆိပ်အစုအဖွဲ့၊ ဒေသတွင်းလွှမ်းမိုးနိုင်စွမ်းကြီးမားသည့် ကုန်းလမ်းသယ်ယူ

ပို့ဆောင်ရေးအချက်အချာနေရာနှင့် တစ်ကမ္ဘာလုံးသို့ ဆွဲဆောင်နိုင်မည့် ရေကြောင်းအစုအဖွဲ့ အသီးသီးကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်ပါသည်။

၂၀၃၅ ခုနှစ်တွင် ကွမ်ရှီးရှိ နယ်စပ်စစ်ဆေးရေးစခန်းများအားလုံးကို အဝေးပြေးလမ်းများနှင့် ချိတ်ဆက်သွားမည်ဖြစ်ကာ၊ ပင်လယ်ဆိပ်ကမ်းများကိုလည်း ရထားလမ်းများနှင့် ဆက်သွယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။


ရင်းမြစ်၊ en.gxzf.gov.cn (၂၁-၁-၂၀၂၂)

Source: ဒေါက်တာရွှေစင်ကို-စီးပွားရေးသံမှူး-နန်နင်း

## ကနေဒါနိုင်ငံက CFIA ၏ စစ်ဆေးပြီးဖြစ်ကြောင်း အမှတ်တံဆိပ် (Inspection Legend)အသစ် သတ်မှတ်ခဲ့ခြင်းကိစ္စ

ကနေဒါအစားအသောက်ကွပ်ကဲရေးအေဂျင်စီ (Canadian Food Inspection Agency-CFIA) က ဥထွက်ပစ္စည်းများ၊ ငါးနှင့် ပင်လယ်စာ၊ အသားနှင့် ကြက်ဘဲတင်ပို့ရာတွင် အသုံးပြုသည့်အဆိုပါ ထုတ်ကုန်များ/ ပစ္စည်းများကို စစ်ဆေးထားပြီးဖြစ်ကြောင်း အမှတ်တံဆိပ် (Inspection Legend) အသစ် သတ်မှတ်ခဲ့ခြင်းနှင့် အဆိုပါအမှတ်တံဆိပ်အသစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အကူးအပြောင်းကာလ ထပ်တိုးသတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ရန်ကုန်မြို့ရှိ ကနေဒါနိုင်ငံသံရုံးက စာပေးပို့အကြောင်းကြားလာပါသည်။

အဆိုပါစာတွင် ဥထွက်ပစ္စည်းများ၊ ငါးနှင့်ပင်လယ်စာ၊ အသားနှင့် ကြက်ဘဲတင်ပို့ရာတွင် အသုံးပြုသည့် စစ်ဆေးထားပြီးဖြစ်ကြောင်း အမှတ်တံဆိပ် (Inspection Legend) အသစ်သည် ကနေဒါနိုင်ငံ စားသောက်ကုန်လုံခြုံမှုဆောင်ရွက်ရေးအဖွဲ့ (Safe Food for Canadians Regylations-SFCR) ၏ ကွပ်ကဲမှုဖြင့် ၂၀၁၆ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၀၁၉ ခုနှစ်မှစတင်၍ Inspection Legend အမှတ်တံဆိပ်အသစ်နှင့် ယခင်အမှတ်တံဆိပ်များ နှစ်မျိုးလုံး (သို့မဟုတ်) ၎င်းတို့အနက် တစ်မျိုးမျိုးကို စားသောက်ကုန်ပစ္စည်းများတွင် အသုံးပြုရန်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် Inspection Legend အမှတ်တံဆိပ်အသစ်ကို ပြောင်းလဲအသုံးပြုရာ၌ လွယ်ကူအဆင်ပြေစေရန် လိုအပ်သည့်ပြောင်းလဲပြင်ဆင်မှုများပြုလုပ်နိုင်ရန်အတွက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအထိ ဆိုင်းငံ့ကာလ (Grace Period) ကို (၃) နှစ်သတ်မှတ်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ဆက်စပ်ပြီး ဖြစ်ပေါ်လာသည့်ကိစ္စ ရပ်များကြောင့် CFIA က အဆိုပါကာလကို ၁၅-၁-၂၀၂၃ ရက်အထိ တိုးမြှင့်ခဲ့ရပါကြောင်း၊ သို့ဖြစ်၍ ကနေဒါစားသောက်ကုန်များတွင် ယခင်အမှတ်တံဆိပ်များနှင့် ယခုအမှတ်တံဆိပ်အသစ် နှစ်မျိုးလုံး (သို့မဟုတ်) ၎င်းတို့အနက်မှ တစ်မျိုးမျိုးကိုလည်းကောင်း ၁၅-၁-၂၀၂၃ ရက်အထိအသုံးပြုနိုင်ပါကြောင်း၊ လိုအပ်သကဲ့သို့ ကိုးကားအသုံးပြုနိုင်ပါရန် Inspection Legend နှစ်မျိုးလုံး၏ နမူနာပုံစံများကို ပူးတွဲပေးပို့အပ်ပါကြောင်းနှင့် သိရှိလိုသည့်အချက်များရှိပါက ၎င်းတို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းဖြင့် ဖော်ပြထားပါသည်။




Source: နိုင်ငံခြားရေးဝန်ကြီးဌာန

# ပြည်တွင်းကုန်သွယ်မှုသတင်း

## သွင်းကုန်အစားထိုးနိုင်မည့်တန်ဖိုးမြှင့်ထုတ်ကုန်ကန်စွန်းဥမှုန့်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ၊ LOI MOR Co.,Ltd နှင့် MIYABO Co.,Ltd ကုမ္ပဏီ ၂ တို့မှ ၂၀၂၀ ပြည့်နှစ်မှစတင်၍ ဂျပန်နိုင်ငံမှ BENI IMO ကန်စွန်းဥများကို တင်သွင်း၍ ကိုယ်တိုင်စိုက်ပျိုးခြင်း၊ တောင်သူများနှင့်အကျိုးတူပူးပေါင်း၍ စိုက်ပျိုးခဲ့ရာအောင်မြင်မှုရရှိခဲ့ပါတယ်။ ထို့အပြင်ကုန်ကြမ်းများကို ပြည်တွင်းဈေးကွက်သို့ တိုက်ရိုက်ရောင်းချခြင်းနှင့် အဆင့်မြှင့်တင်၍ ကန်စွန်းဥမှုန့် (Sweet Potato Pounder) များကို တစ်လလျှင် ၁၀ တန်ခန့်ထုတ်လုပ်လျက်ရှိပါတယ်။

ကန်စွန်းဥမှုန့်တွင် အမျိုးအစားမှာ အဖြူရောင်၊ အဝါရောင်နှင့် ပန်းရောင်ဆိုပြီး (၃)မျိုးရှိပါတယ်။ ကန်စွန်းဥအစိမ်းကို ကြာရှည်ခံအောင်သိုလှောင်ထိန်းသိမ်းမည်ဆိုပါက အခက်အခဲများရှိ၍ ကန်စွန်းဥ အမှုန့်ပြုလုပ်၍ ထိန်းသိမ်းကြပြီး အမှုန့်ကို လေလုံခန်းတွင် အနည်းဆုံး ၆ လ၊ အအေးခန်းတွင် ၁ နှစ်ထားနိုင်ပါတယ်။ ကန်စွန်းဥအမှုန့်ကို အချို့နိုင်ငံကြီးများတွင် ပါစတာ (Pasta)၊ ပေါင်မုန့်၊ ဒိုးနတ်မုန့်၊ hot Chocolate ၊ Ice-cream မုန့်များတွင် အနံ့၊ အရသာနှင့် အရောင်အတွက် ရောစပ်၍အသုံးပြုလာကြသည်ကို တွေ့ရပါတယ်။

ယခုအခါ ကန်စွန်းဥများနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ကန်စွန်းဥမှုန့်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရပါတယ်။ အဆိုပါ ကန်စွန်းဥမှုန့်(Sweet Potato Pounder)များကို ပြည်တွင်းစားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီများမှ ကုန်ကြမ်းအဖြစ် ပြည်ပမှ မှာယူတင်သွင်းပြီး အသုံးပြုလျက်ရှိပါတယ်။ အဆိုပါ ကုမ္ပဏီများမှ ထုတ်လုပ်သည့် ကန်စွန်းဥမှုန့်များကို သွင်းကုန်အစားထိုးအနေဖြင့် ပြည်ပမှတင်သွင်းနေသည့် ကုမ္ပဏီများထံသို့ သက်သာသောဈေးနှုန်းဖြင့် ရောင်းချရန်အတွက် ဈေးကွက်ချိတ်ဆက်မှုများ လိုအပ်လျှက်ရှိကြောင်း သတင်းရရှိပါတယ်။

Source: KBZ TRADE Center

## မြန်မာ့ထုတ်ကုန်များကို E-Trade platform မှတဆင့် နိုင်ငံတကာဈေးကွက်သို့ မိတ်ဆက်မည့် Myanmar Pavilion ဖွင့်လှစ်

၂၀၂၀ ပြည့်နှစ်မှ စတင်ဖြစ်ပွားခဲ့သည့် Covid-19 ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံများ ၏ ဈေးကွက်ရှာဖွေမြှင့်တင်မှုနှင့် ကုန်သွယ်ရောင်းဝယ်မှုပုံစံပြောင်းလဲလာခဲ့သည့်အတွက် မြန်မာနိုင်ငံတွင် ပြောင်းလဲလာသောအခွင့်အလမ်းများနှင့် တီထွင်ဆန်းသစ်မှုများဖြင့် မြန်မာ့ထုတ်ကုန်များအား E-Trade platform မှတစ်ဆင့် နိုင်ငံတကာဈေးကွက်သို့ မိတ်ဆက်မည့် Myanmar Pavilion ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) က အာရှဒေသ၏ ဒုတိယအကြီးဆုံး B2B E-commerce Platform တစ်ခုဖြစ်သည့် ECPLaza ([www.ecplaza.net](http://www.ecplaza.net)) တွင်ဖွင့်လှစ်နိုင်ခဲ့သည်။

Myanmar Pavilion ဖွင့်လှစ်အခမ်းအနားကို မြန်မာနိုင်ငံ၊ နေပြည်တော်နှင့် ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တို့အကြား Virtual Launching ဖြင့်ကျင်းပပြုလုပ်ခဲ့ရာ မြန်မာဘက်က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOTRA) မှ Director Mr. Kaung Jun Kyung ၊ ECPlaza Network Inc ဥက္ကဋ္ဌ Mr. Inkyu Park နှင့် ကုန်သည် လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ကအဖွင့်အမှာစကားပြောကြားပြီး ကိုရီးယားနိုင်ငံမှ တာဝန်ရှိသူများ က အဆိုပါ Platform တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးပြောကြား ခဲ့ကြသည်။

Myanmar Pavilion ကို ကိုရီးယားနိုင်ငံမှ ECPlaza Network Inc နှင့် မြန်မာကုမ္ပဏီ Cyber King Co.,Ltd တို့က နည်းပညာဆိုင်ရာများကို ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံမှ ထုတ်ကုန်အမျိုးအစား (၁၀၀) ကျော်ပြသမည်ဖြစ်ပြီး မြန်မာကုန်သည် လုပ်ငန်းရှင်များအနေ ဖြင့် အဆိုပါ E-Trade platform ကိုအသုံးပြု၍ နိုင်ငံတကာဝယ်ယူသူများနှင့် တိုက်ရိုက်ဆက်သွယ်ရောင်းဝယ်နိုင်ခြင်းဖြင့် ပြည်ပပို့ကုန်တိုးမြှင့်စေနိုင်မည်ဖြစ်ပါသည်။

Source: ကုန်သွယ်မှုဖွံ့ဖြိုး(Myantrade)

# ပြည်ပကုန်သွယ်မှုသတင်း

## မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ဆန်တင်ပို့ရောင်းချမှုဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပပြုလုပ်ခြင်း

မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ G to G အစီအစဉ်ဖြင့် ဆန်တင်ပို့ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သီရိလင်္ကာနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနတို့အကြား နှစ်နိုင်ငံသဘောတူစာချုပ် (Bilateral Agreement) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ သောကြာနေ့၊ နေ့လည် (၂:၃၀) နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့်ကျင်းပပြုလုပ်ခဲ့ရာ သီရိလင်္ကာနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် သီရိလင်္ကာဆိုရှယ်လစ်ဒီမိုကရက်တစ်နိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် အစိုးရများအကြား G to G စနစ်ဖြင့် လယ်ယာထွက်ကုန်ကဏ္ဍမှ ဆန်အပါအဝင် အခြားကုန်စည်များ တိုးမြှင့်ရောင်းချသွားနိုင်ရေး ကနဦး ဆောင်ရွက်ချက်အဖြစ် ချုပ်ဆိုခြင်းဖြစ်ပြီး အဆိုပါ မြန်မာ-သီရိလင်္ကာ ဆန်တင်ပို့ ရောင်းချမှုဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ်အား မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် သီရိလင်္ကာနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ တွဲဘက်အတွင်းဝန်တို့က လက်မှတ်ရေးထိုးခဲ့ပါသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သီရိလင်္ကာနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး၊ အဆင့်မြင့်အရာထမ်းများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အပါအဝင် ၃၄ ဦးနှင့် သီရိလင်္ကာနိုင်ငံဘက်မှ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ် ၇ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ သဘောတူစာချုပ်အရ ဆန်ရောင်းဝယ်မှုကို မြန်မာနိုင်ငံဘက်မှ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် သီရိလင်္ကာနိုင်ငံဘက်မှ Sri Lanka State Trading (General) Corporation တို့မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ နှစ်စဉ်ဆန်ဖြူတန်ချိန် ၁၀၀,၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀,၀၀၀ တို့ကို သီရိလင်္ကာနိုင်ငံသို့ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း တင်ပို့သွားမည်ဖြစ်ပါသည်။

Source: စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## TTEP က မြန်မာ့ကမ်းလွန်ရှိ ကမ်းလွန်လုပ်ကွက် M-9နှင့် M-3 တို့တွင် GSI Survey လုပ်ငန်းများ ဇန်နဝါရီ ၂၇ ရက်မှ မေ ၂၅ ရက်အထိ ဆောင်ရွက်မည်

PTTEP က မြန်မာ့ကမ်းလွန်ရှိကမ်းလွန် လုပ်ကွက် M-9နှင့် M-3တို့တွင် Geophysical Site Investigation (GSI) Survey လုပ်ငန်းများကို ဇန်နဝါရီ ၂၇ ရက်မှ မေ ၂၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9နှင့် M-3 တို့တွင် Geophysical Site Investigation (GSI) Survey လုပ်ငန်းများအား Survey Vessel 'MV.PTSC Researcher' ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာတို့ကိုလည်း ထုတ်ပြန်ထားသည်။

သို့ဖြစ်ရာ ကမ်းလွန်လုပ်ကွက် M-9နှင့် M3 တို့တွင် Geophysical Site Investigation(GSI) Survey လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အဆိုပါလုပ်ငန်းခွင် တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာထားသဖြင့် သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်း ဦးစီးဌာနက ထုတ်ပြန်ထားသည်။

ရန်ကုန်မြို့သို့ လျှပ်စစ်ဓာတ်အားပေးနိုင်ရန် ကမ်းလွန်လုပ်ကွက် M-9နှင့် M-3မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ ကျိုက်လတ်ဒေသတွင် မဂ္ဂါဝပ် ၆၀၀ ဓာတ်အားပေးစက်ရုံစီမံကိန်းကို PTTEP က ဒေါ်လာ နှစ်ဘီလျံခန့် ရင်းနှီးမြှုပ်နှံကာ လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၂၀ ဒီဇင်ဘာလ အတွင်းက ထုတ်ပြန်ခဲ့သည်။

PTT ရေနံရှာဖွေရေးနှင့်ထုတ်လုပ်ရေး အများပိုင်ကုမ္ပဏီလီမိတက် (PTTEP)သည် မြန်မာအစိုးရထံမှ စီမံကိန်းလုပ်ပိုင်ခွင့်ရရှိပြီးနောက် မြန်မာနိုင်ငံ၏ ပြည်တွင်းသဘာဝဓာတ်ငွေ့ကို အသုံးပြု၍ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းစီမံကိန်းလုပ်ဆောင်ရခြင်းမှာ မြန်မာနိုင်ငံ၏ စွမ်းအင်ဖူလုံရေးအတွက်ပံ့ပိုးပေးရန်နှင့် ကုမ္ပဏီ၏ ရည်မှန်းချက်အတိုင်း စီးပွားရေးလုပ်ငန်းအသစ်များရှာဖွေသွားရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်က အဆိုပါစီမံကိန်းအကောင်အထည်ဖော်ရန် Notice to Proceed ကို လက်မှတ်ခဲ့ ကြသည်။

မုတ္တမပင်လယ်ကွေ့ရှိ မြန်မာ့ကမ်းလွန်သဘာဝဓာတ်ငွေ့လုပ်ကွက်များဖြစ်သော M-3နှင့် ဇောတိက M-9 တို့မှ ထွက်ရှိသော ပြည်တွင်းသဘာဝဓာတ်ငွေ့တို့ကိုအသုံးပြု၍ စီမံကိန်းအားဆောင်ရွက်မည်ဖြစ်သဖြင့် ပြည်တွင်းသဘာဝဓာတ်ငွေ့အသုံးပြုမှု မြင့်မားလာစေပြီး နိုင်ငံတော်အတွက် စျေးနှုန်းသက်သာသည့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဟု သိရသည်။

PTTEP ၏ ပြည်တွင်းသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံစီမံကိန်းသည် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းစဉ်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းစဉ်အထိ ပါဝင်သော ပေါင်းစပ်စီမံကိန်းဖြစ်သည်။

စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာနှစ်ဘီလျံခန့်ရှိပြီး စီမံကိန်းတွင် ရေဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့တွင် တည်ဆောက်မည့် မဂ္ဂါဝပ် ၆၀၀ ဓာတ်အားပေးစက်ရုံ၊ ကံပေါက်-ဒေါင်ငြိမ်း-ကျိုက်လတ်မြို့များသို့ ချိတ်ဆက်သွယ်တန်းမည့် ကမ်းလွန်နှင့်ကုန်းတွင်း ဓာတ်ငွေ့ပိုက်လိုင်းအသစ် (၃၈၀ ကီလိုမီတာခန့်)၊ ကျိုက်လတ်ဓာတ်အားပေးခွဲရုံမှ လှိုင်သာယာ ဓာတ်အားပေးခွဲရုံသို့ချိတ်ဆက်မည့် Transmission Line များပါဝင်သည်။ PTTEP အနေဖြင့်လည်း ၂၀၂၂ ခုနှစ်တွင် အဆိုပါ စီမံကိန်းအတွက် အပြီးသတ်ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်အဆင့်သို့ ရောက်ရှိရန်ရည်မှန်းထားသည်။

စီမံကိန်းမှထွက်ရှိလာမည့် ခတ်အားထုတ်လုပ်မှုပမာဏသည် လက်ရှိမြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စက်တပ်ဆင်အင်အားပမာဏ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိမည်ဟု မျှော်မှန်းထားသည်။ အဆိုပါစီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ် ဓာတ်အားများကို စီးပွားဖြစ်စတင်လည်ပတ်သည့်နေ့မှစ၍ နှစ် ၂၀ သက်တမ်းအပြင် ငါးနှစ်ထပ်မံသက်တမ်းတိုး၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းထံသို့ ရောင်းချသွားမည်ဖြစ်သည်။
Source: https://news-eleven.com/article/224259

## လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့်ဖော်ဆောင်သည့် စီမံကိန်းသင်တန်းဖွင့်လှစ်

လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့်ဖော်ဆောင်သည့် “မဲခေါင်ဒေသဆန်းသစ်တီထွင်သော ဝါး ထုတ်ကုန်ပစ္စည်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အွန်လိုင်းလေ့ကျင့်မှု” စီမံကိန်းသင်တန်းဖွင့်လှစ်သည့် အခမ်းအနားကို ရန်ကုန်မြို့၌ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံရုံးက ယနေ့ ဇန်နဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ယခုအကြိမ်လေ့ကျင့်မှုသင်တန်းသည် ၅ ရက်တာ သင်တန်းဖြစ်ကာ မြန်မာ၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားမှ သင်တန်းသား/သူပေါင်း ၃၈ ဦး တက်ရောက်ကြကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံး သံမှူးကြီး Ms. Li Xiaoyan က ယခုအကြိမ်လေ့ကျင့်မှုသည် ၂၀၁၉ ခုနှစ်တွင် “လန်ချန်း-မဲခေါင်နိုင်ငံများ ဝါးအသုံးပြုမှု၊ ဈေးကွက်အလားအလာနှင့် ဝါးလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ” ကျင်းပပြီးနောက် လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် မြန်မာနိုင်ငံကဖော်ဆောင်သည့် ဝါးအသုံးပြုမှုဆိုင်ရာ စီမံကိန်း နောက်တစ်ခုဖြစ်ကာ လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှုယန္တရား၏ ဒေသနှင့်ကိုက်ညီခြင်း၊ ပြည်သူလူနေမှုဘဝ အကျိုးပြု ခြင်း ထူးခြားချက်များကို အပြည့်အဝထင်ဟပ်စေကြောင်း၊ စိမ်းလန်းစိုပြည်သောတောတောင်ရေမြေသည် ရွှေတောင်ငွေတောင် ဖြစ်သည်ဟု သမ္မတ Mr. Xi Jinping ကပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံက ဝါးအား မြေယာပြုပြင်ရေး အစီအစဉ်တွင် ထည့်သွင်းထားပြီးဖြစ်ကာ ဝါးစိုက်ပျိုးရေးနှင့် လုပ်ငန်းဥယျာဉ်တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရ သည်။

တရုတ်နိုင်ငံက မဲခေါင်မြစ်ဒေသနိုင်ငံအသီးသီးနှင့်အတူ ဝါးလုပ်ငန်းစဉ်ဆက်ပြတ်ဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံ၊ ခေတ်မီ၍ လက်တွေ့အသုံးဝင်သည့် ဝါးအသုံးပြုမှုနည်းပညာနှင့် တရုတ်နိုင်ငံ၏ကြီးမားသော ဝါးထုတ်ကုန်ဈေးကွက်ကို မျှဝေ လိုပြီး လန်ချန်း-မဲခေါင်ဒေသ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ပြည်သူလူနေမှု ဘဝကောင်းမွန်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေးတို့ကို အတူတကွမြှင့်တင်သွားလိုကြောင်း သံမှူးကြီး Ms. Li Xiaoyan က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းအတွက် တရုတ်နိုင်ငံက ရင်းနှီးငွေထောက်ပံ့မှုကို ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ ပထဝီ တည်နေရာနှင့်ရာသီဥတုအခြေအနေသည် ဝါးပင်ပေါက်ရောက်ရန်သင့်တော်ပြီး ဝါးလုပ်ငန်း အလားအလာကောင်းမွန်ကြောင်း၊ သို့သော် High Value added ဝါးကုန်ပစ္စည်းများထုတ်လုပ်မှုအပိုင်းသည် အားနည်းချက်ဖြစ်နေသေးကြောင်း၊ ယခုအကြိမ် လေ့ကျင့်မှုကတစ်ဆင့် တရုတ်နိုင်ငံ၏ခေတ်မီသော ဝါး အချောကိုင်နည်းပညာနှင့် ဆန်းသစ်တီထွင်သောဝါးထုတ်ကုန်ပစ္စည်း ထုတ်လုပ်ရေးနည်းပညာကိုသင်ယူနိုင်ပြီး မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဝင်မှုနှင့် နိုင်ငံတော်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ကူညီ တွန်းအားပေးနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က တက်ရောက်အမှာစကားပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဝါးနှင့်ကြိမ် ကွန်ရက်အဖွဲ့ (INBAR) အကြီးအကဲ Ali Mchumo က အွန်လိုင်းမှာအမှာစကားပြောကြားခဲ့ကာ မြန်မာနိုင်ငံ အခြေစိုက် မဲခေါင်မြစ်ဒေသနိုင်ငံမှ သံတမန် သို့မဟုတ် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ Source: https://xinhuamyanmar.com/news/

# အထူးဆောင်းပါးများ

## စင်ကာပူနိုင်ငံတွင် SMS မက်ဆေ့ဖြင့် ငွေကြေးလိမ်လည်မှုများပေါ်ပေါက်လျက်ရှိသောကြောင့် ဘဏ်များသည် ရက်သတ္တနှစ်ပတ်အတွင်း ၎င်းတို့၏ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဝန်ဆောင်မှု အပိုင်းတွင် လုံခြုံမှုအဆင့်အတန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်ရှိ

စင်ကာပူနိုင်ငံရှိဘဏ်များသည် လာမည့်ရက်သတ္တနှစ်ပတ်အတွင်း ၎င်းတို့၏ဘဏ်များတွင် ပုဂ္ဂိုလ်ရေးအတွက် ဘဏ်စာရင်းဖွင့်လှစ်အသုံးပြုနေသူ (Retail Customer) များထံသို့ ပေးပို့သော SMS မက်ဆေ့ သို့မဟုတ် အီးမေးလ်များတွင်

အလွယ်တကူနှိပ်နိုင်သော Link များထည့်သွင်းမှု ကိုဖယ်ရှားခြင်းကဲ့သို့သော ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုအပိုင်းတွင် လုံခြုံမှုအဆင့်အတန်း ကောင်းမွန်လာစေမည့်အစီအမံများကို လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရှိရပါသည်။

လတ်တလောတွင် ဘဏ်စာရင်းဖွင့်လှစ် အသုံးပြုနေသူများကို ပစ်မှတ်ထားကာ ဘဏ်စာရင်းအသုံးပြုသူ၏ အချက်အလက်များကို SMS မက်ဆေ့မှတစ်ဆင့်ရယူ၍ ငွေကြေးလိမ်လည်မှုများ (SMS phishing scams) ပေါ်ပေါက်လျက်ရှိသဖြင့်ထိန်းချုပ်ဟန့်တားမှုအစီအမံများကို ချက်ချင်းလုပ်ဆောင်ရန် လိုအပ်လာပြီး၊ လာမည့်လများတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ရေရှည်ကြိုတင်ကာကွယ်မှုအစီအမံများကိုလည်း စိစစ်အကဲဖြတ်လျက်ရှိသည်ဟု စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့(MAS)နှင့် စင်ကာပူနိုင်ငံရှိဘဏ်များအသင်း (ABS) တို့က ၁၉ – ၁ – ၂၀၂၂ ရက်နေ့တွင် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ ငွေရေးကြေးရေးအဖွဲ့အစည်းအားလုံးအနေဖြင့် လိမ်လည်လှည့်စားမှုများအား ကာကွယ်တားဆီးဖော်ထုတ်နိုင်သော၊ လိမ်လည်မှုဖြစ်ပွားလာချိန်တွင် ထိထိရောက်ရောက်ကိုင်တွယ်ဖြေရှင်း၍ Customer များကို ဝန်ဆောင်မှုပေးနိုင်သော အစီအမံများကို ချမှတ်ဆောင်ရွက်သွားရန်လိုအပ်သည်ဟုလည်း အဆိုပါကြေညာချက်တွင် ထည့်သွင်းဖော်ပြထားပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် OCBC ဘဏ်၏ Customer ၄၇၀ နီးပါးသည် SMS phishing scams ငွေကြေးလိမ်လည်မှုများကြောင့် အနည်းဆုံး စင်ကာပူဒေါ်လာ ၈ ဒသမ ၅ သန်း ဆုံးရှုံးခဲ့ရပြီး၊ ထိုကဲ့သို့ လိမ်လည်ခြင်းခံခဲ့ရသူများတွင် စင်ကာပူဒေါ်လာ တစ်သိန်းနီးပါး ဆုံးရှုံးခဲ့ရသော သားသမီးခုနစ်ဦး၏မိခင်တစ်ဦးနှင့် အိမ်ထောင်သည် ဘဝတစ်ခုထူထောင်ရန်အတွက် စင်ကာပူ ဒေါ်လာ ၁၂၀,၀၀၀ ကို ငါးနှစ်ကြာစုဆောင်းခဲ့ကြသော အသက် ၂၀ အရွယ် စုံတွဲတစ်တွဲတို့လည်း ပါဝင်ကြောင်းသိရှိရပါသည်။

လိမ်လည်ခြင်းခံရသူများမှာ OCBC ဘဏ်အယောင်ဆောင်၍ ပေးပို့လာသော SMS မက်ဆေ့များကို လက်ခံရရှိခဲ့ကြပြီး၊ ယင်းမက်ဆေ့များတွင် ၎င်းတို့၏ ဘဏ်အကောင့်များသည် ပြဿနာများရှိနေသည်ဟုဖော်ပြကာ မက်ဆေ့တွင် ထည့်သွင်းထားသည့် Link ကို နှိပ်ရန် တောင်းဆိုခြင်းခံရကြောင်းနှင့် အဆိုပါ Link ကိုနှိပ်ပါက ဘဏ် Website အတုဆီသို့ ဦးတည်ရောက်ရှိသွားကာ ၎င်းတို့၏ အင်တာနက်ဘဏ်အကောင့်များကိုဝင်ရောက်နိုင်သော အသေးစိတ် အချက်အလက်များအား မေးမြန်းခြင်းခံခဲ့ရကြောင်း ဖော်ပြထားပါသည်။

OCBC ဘဏ်သည် SMS phishing scams ဖြင့် ငွေကြေးလိမ်လည်ခြင်းခံခဲ့ရသော ၎င်း၏ Customer များ အားလုံးအတွက် လာမည့်အပတ်တွင် ၎င်းတို့ဆုံးရှုံးခဲ့ရသောပမာဏကို ကာမိစေမည့် ငွေထုတ်ပေးမှုများ (Goodwill payouts) ဆောင်ရွက်ပေးသွားမည်ဟု ၁၉ – ၁ – ၂၀၂၂ ရက်နေ့တွင် ကြေညာခဲ့ပြီး၊ လက်ရှိအချိန်အထိ လိမ်လည်ခံရသူ ၁၀၀ ကျော်ကို ငွေထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ဤကဲ့သို့သောလိမ်လည်မှုများနှင့်ပတ်သက်၍ အခြားပြည်တွင်းဘဏ်များ၊ စင်ကာပူ ရဲတပ်ဖွဲ့နှင့် တရားရုံးချုပ်တို့မှလည်း သတိပေးချက်များကို ထုတ်ပြန်ခဲ့ကြကြောင်း သိရှိရပါသည်။

MAS နှင့်ညှိနှိုင်းဆွေးနွေးချက်အရ စင်ကာပူရှိဘဏ်များမှ လာမည့်ရက်သတ္တနှစ်ပတ်အတွင်း ဆောင်ရွက်ရမည့် အစီအမံများမှာ (က) Retail Customer များထံသို့ပေးပို့သော အီးမေးလ် သို့မဟုတ် SMS များတွင် နှိပ်နိုင်သော Link များထည့်သွင်းမှုကိုဖယ်ရှားခြင်း၊ (ခ) စင်ကာပူဒေါ်လာ ၁၀၀ သို့မဟုတ် ၁၀၀ အောက်ရှိသော ငွေပမာဏလွှဲပြောင်းခြင်းအတွက်သာ အကြောင်းကြားချက် (notification) ကို Customer များထံသို့ပေးပို့ခြင်း၊ (ဂ) မိုဘိုင်းကိရိယာတွင် Soft Token အသစ်ကို Activate မပြုလုပ်မီ အနည်းဆုံး ၁၂ နာရီနှောင့်နှေးထားခြင်း၊ (ဃ) Customer ၏ ဖုန်းနံပါတ် သို့မဟုတ် အီးမေးလ်လိပ်စာပြောင်းလဲရန်တောင်းဆိုလာချိန်များတွင် ဘဏ်တွင် စာရင်းသွင်းထားသော လက်ရှိ ဖုန်းနံပါတ် သို့မဟုတ် အီးမေးလ်လိပ်စာသို့ အကြောင်းကြားပေးခြင်း၊ (င) Customer ၏ ဘဏ်စာရင်း၏ အဓိကအချက်အလက်များအား ပြောင်းလဲပေးရန်တောင်းဆိုလာမှုများကို ဆောင်ရွက်ပေးခြင်းမပြုလုပ်မီ ဆိုင်းငံ့ကာလကဲ့သို့သော အကာအကွယ်ပေးမှုများ ထပ်ဆင့်ပြုလုပ်ခြင်း၊ (စ) လိမ်လည်မှုဖြစ်နိုင်သောကိစ္စများနှင့်ပတ်သက်၍ Feedback များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် သေချာလေ့ကျင့်ပေးထားသောသီးသန့်ကူညီရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်း၊ (ဆ) လိမ်လည်မှုနှင့်ပတ်သက်၍ ပညာပေးသော သတိပေးချက်များကို မကြာခဏ ပြုလုပ်ခြင်းတို့ ဖြစ်ကြပါသည်။

ဤကဲ့သို့ လုံခြုံရေးတင်းကျပ်လိုက်သည့်အစီအမံများကြောင့် အချို့သောအွန်လိုင်းဘဏ် ဝန်ဆောင်မှုများမှာ အချိန်ပိုကြာသွားမည်ဖြစ်သော်လည်း Customer ၏ ပိုင်ဆိုင်ငွေကို ပိုမိုကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ Customer များ၏ သတိရှိမှုသည်လည်း အရေးအကြီးဆုံး ဖြစ်သောကြောင့် လိမ်လည်လှည့်စားမှုများကိုရှောင်ရှားနိုင်ရန် Customer များအနေဖြင့် (က) SMS သို့မဟုတ် အီးမေးလ်တွင်ပါလာသော Link များကို မနှိပ်ရန်၊ (ခ) အင်တာနက်ဘဏ်စာရင်း၏ အချက်အလက် အထောက်အထားများ သို့မဟုတ် စကားဝှက်များကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထုတ်ဖော်ပြောဆိုခြင်းမပြုလုပ်ရန်၊ (ဂ) လက်ခံရရှိသော SMS များ သို့မဟုတ် အီးမေးလ်များကို ဘဏ်၏တရားဝင် Website တွင် ဖော်ပြထားသော hotline သို့ တိုက်ရိုက်ခေါ်ဆို၍ အတည်ပြုရန်၊ (ဃ) ငွေပေးငွေယူမှုများမပြုလုပ်မီ ဘဏ်၏တရားဝင် Website သို့မဟုတ် မိုဘိုင်း

အပလီကေးရှင်းမှတစ်ဆင့် ပြုလုပ်နေခြင်းဟုတ်/မဟုတ်စစ်ဆေးအတည်ပြုရန်၊ (c) မိမိမှ ဆောင်ရွက်ခဲ့ခြင်းမဟုတ်သော ငွေပေးချေမှုများကို အမြန်ဆုံးအစီရင်ခံတင်ပြနိုင်ရန်နှင့် ပြန်လည်ရယူနိုင်သော အခွင့်အလမ်းများရှိစေရန်အတွက် ငွေပေးငွေယူမှုဆိုင်ရာ notification များကို အနီးကပ်စောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားပါသည်။

SMS phishing scams လိမ်လည်မှုများနှင့်ပတ်သက်၍ စင်ကာပူရှိဘဏ်များသည် စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့(MAS)၊ စင်ကာပူရဲတပ်ဖွဲ့နှင့် သတင်းအချက်အလက်ဆက်သွယ်ရေး မီဒီယာအာဏာပိုင်အဖွဲ့ (IMDA) တို့နှင့် အနီးကပ်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး၊ သက်ဆိုင်သူအားလုံးမှ SMS ပေးပို့သူ ID မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ခြင်းအပါအဝင် SMS အတုအယောင်များကို တိုက်ဖျက်နိုင်မည့်နည်းလမ်းများကို လုပ်ဆောင်သွားရန်ရှိကြောင်း၊ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့သည် အွန်လိုင်းမှလိမ်လည်လှည့်စားမှုများနှင့်ပတ်သက်၍ စင်ကာပူရှိ အဓိကဘဏ္ဍာရေးအဖွဲ့အစည်းများ၏ စောင့်ကြည့်ရေးအစီအမံများမှာ ပြည့်စုံလုံလောက်မှုရှိကြောင်း သေချာစေရန်အတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

သတင်းရင်းမြစ်။ ။ The Business Times, The Straits Times, Monetary Authority of Singapore

Source: မြတ်နိုး၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၂၊ ဇန်နဝါရီလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 48,226,827.201 | 263.169 | | 1 | ရေနံထွက်ပစ္စည်းများ | 224.961 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 11,557,300.530 | 108.246 | | 2 | ချည်ထည်များ | 128.091 |
| 3 | ဆန် | မတန် | 183,291.245 | 59.709 | | 3 | စားအုန်းဆီ | 43.967 |
| 4 | ရာဘာစိမ်း | မတန် | 26,198.280 | 38.617 | | 4 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 43.729 |
| 5 | ငါး | မတန် | 29,271.041 | 30.203 | | 5 | ဆေးဝါးပစ္စည်းများ | 40.686 |
| 6 | ပြောင်း | မတန် | 117,366.250 | 27.201 | | 6 | စက်နှင့်စက်ပစ္စည်းများ | 22.741 |
| 7 | ပဲတီစိမ်း | မတန် | 32,289.966 | 25.084 | | 7 | ဂျုံစေ့ | 22.208 |
| 8 | မတ်ပဲ | မတန် | 30,121.395 | 22.346 | | 8 | ဓါတုဗေဒပစ္စည်းများ | 18.473 |
| 9 | ဆန်ကွဲ | မတန် | 61,381.250 | 18.608 | | 9 | မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ | 16.278 |
| 10 | နှမ်း | မတန် | 14,332.460 | 17.946 | | 10 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 13.658 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၀-၂၀၂၁ (၂၁-၁-၂၀၂၁ ) ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၁-၁-၂၀၂၂ ) ထိ | တိုး/လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၂၀-၂၀၂၁ (၂၁-၁-၂၀၂၁) ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၁-၁-၂၀၂၂ ) ထိ | တိုး/လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 1626.438 | 1250.880 | -375.558 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 1744.586 | 772.243 | -972.343 |
| ၂ | တိရိစ္ဆာန်ထွက် | 15.603 | 3.356 | -12.247 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 1570.171 | 1841.490 | 271.319 |
| ၃ | ရေထွက် | 294.111 | 291.115 | -2.996 | | | | | | |
| ၄ | သတ္တုတွင်းထွက် | 379.537 | 198.457 | -181.080 | | ၃ | လူသုံးကုန်ပစ္စည်း | 1027.991 | 1059.243 | 31.252 |
| ၅ | သစ်တောထွက် | 41.832 | 48.260 | 6.428 | | ၄ | CMP | 601.856 | 709.024 | 107.168 |
| ၆ | စက်မှုကုန်ချော | 2504.537 | 2673.890 | 169.353 | | | | | | |
| ၇ | အခြား | 145.696 | 215.131 | 69.435 | | | | | | |
| | **စုစုပေါင်း** | **5007.754** | **4681.089** | **-326.665** | | | **စုစုပေါင်း** | **4944.604** | **4382.000** | **-562.604** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၂ ဇန်နဝါရီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂၆-၁-၂၀၂၂) ထိ

| မြို့နယ် | ဆန်ကြမ်းရှယ်(ဟောင်း) ၅ % | ပေါ်ဆန်း(ဟောင်း) | ပေါ်ဆန်း(သစ်) |
|---|---|---|---|
| ဖျာပုံ | 26300–27100 | 46000–48000 | 39000–40000 |
| မြောင်းမြ | 26300–27300 | 50000–52000 | 40000–42000 |
| ဒေးဒရဲ | 26300–26800 | 48000–50000 | 37500–38500 |
| ဝါးခယ်မ | 26000–26500 | 46000–46500 | 36500–37500 |
| ဘိုကလေး | 26000–26500 | 46000–46500 | 35000–36000 |
| မော်ကျွန်း | 26300–26800 | 43000–45000 | 36000–37000 |
| လပွတ္တာ | – | 47000–48000 | 37000–38000 |
| ကျိုက်လတ် | 25800–26800 | 45000–46000 | 36500–37500 |
| ဘုရင့်နောင် | 26300–26800 | 55000–63000 (ရွှေဘို) | 47000–52000 (ရွှေဘို) |

Source: MRF

### ၂၀၂၂ ဇန်နဝါရီလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(ဟောင်း) | | | ခွံနီ (ပေါ်ကျွဲ)(ဟောင်း) | | | ညှော့မထ(ဟောင်း) | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 3.1.2022 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24500 | 24300 | 24000 |
| 2 | 5.1.2022 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24500 | 24300 | 24000 |
| 3 | 6.1.2022 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24500 | 24300 | 24000 |
| 4 | 7.1.2022 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24500 | 24300 | 24000 |
| 5 | 10.1.2022 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24000 | 23500 | 23000 |
| 6 | 11.1.2022 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24000 | 23500 | 23000 |
| 7 | 12.1.2022 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24000 | 23500 | 23000 |
| 8 | 13.1.2022 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24000 | 23500 | 23000 |
| 9 | 14.1.2022 | 45000 | 44000 | 43000 | 36500 | 36300 | 36000 | 27000 | 26000 | 25500 | 24000 | 23500 | 23000 |
| | | သစ် | | | သစ် | | | သစ် | | | | | |
| 10 | 17.1.2022 | 37000 | 36000 | 35000 | 30000 | 29500 | 29000 | 24500 | 24000 | 23800 | 24000 | 23500 | 23000 |
| 11 | 18.1.2022 | 37000 | 36000 | 35000 | 30000 | 29500 | 29000 | 24500 | 24000 | 23800 | 24000 | 23500 | 23000 |
| 12 | 19.1.2022 | 37000 | 36000 | 35000 | 30000 | 29500 | 29000 | 24500 | 24000 | 23800 | 24000 | 23500 | 23000 |
| 13 | 20.1.2022 | 37000 | 36000 | 35000 | 30000 | 29500 | 29000 | 24500 | 24000 | 23800 | 24000 | 23500 | 23000 |
| 14 | 21.1.2022 | 37000 | 36000 | 35000 | 30000 | 29500 | 29000 | 24500 | 24000 | 23800 | 24000 | 23500 | 23000 |
| 15 | 24.1.2022 | 37000 | 36000 | 35000 | 30000 | 29500 | 29000 | 24500 | 24000 | 23800 | 24000 | 23500 | 23000 |
| 16 | 25.1.2022 | 37000 | 36000 | 35000 | 30000 | 29500 | 29000 | 24500 | 24000 | 23800 | 24000 | 23500 | 23000 |
| 17 | 26.1.2022 | 37000 | 36000 | 35000 | 30000 | 29500 | 29000 | 24500 | 24000 | 23800 | 24000 | 23500 | 23000 |
| 18 | 27.1.2022 | 37000 | 36000 | 35000 | 30000 | 29500 | 29000 | 24500 | 24000 | 23800 | 24000 | 23500 | 23000 |
| 19 | 28.1.2022 | 37000 | 36000 | 35000 | 30000 | 29500 | 29000 | 24500 | 24000 | 23800 | 24000 | 23500 | 23000 |
| 20 | 31.1.2022 | 36000 | 35000 | 34500 | – | – | – | 25500 | 25000 | 24800 | 25000 | 24500 | 24000 |

Source: Myanmar Rice

## ၂၀၂၂၊ ဇန်နဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2021 | 2022 | | | | |
| 1 | 3.1.2022 | 1285000 | 1175000 | 1377900-1429900 | 1426900-1482000 | 1304400-1328900 | 1083900-1120700 |
| 2 | 5.1.2022 | 1282500 | 1295000 | 1377900-1429900 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 3 | 6.1.2022 | 1310000 | 1230000 | 1377900-1429900 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 4 | 7.1.2022 | 1331000 | 1295000 | 1377900-1429900 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 5 | 10.1.2022 | 1365000 | 1360000 | 1377900-1429900 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 6 | 11.1.2022 | 1360000 | 1331000 | 1377900-1429900 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 7 | 12.1.2022 | 1376000 | 1365000 | 1377900-1429900 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 8 | 13.1.2022 | 1350000 | 1335000 | 1377900-1429900 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 9 | 14.1.2022 | 1337500 | 1332500 | 1377900-1429900 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 10 | 17.1.2022 | 1356000 | 1340000 | 1478900-1500400 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 11 | 18.1.2022 | 1360000 | 1335000 | 1478900-1500400 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 12 | 19.1.2022 | 1350000 | 1350000 | 1478900-1500400 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 13 | 20.1.2022 | 1351000 | 1387000 | 1478900-1500400 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 14 | 21.1.2022 | 1340000 | 1392500 | 1448300-1469700 | 1426900-1482000 | 1304400-1328900 | 1041100-1120700 |
| 15 | 24.1.2022 | 1360000 | 1400000 | 1448300-1469700 | 1448300-1469700 | 1408500-1482000 | 1041100-1120700 |
| 16 | 25.1.2022 | 1346000 | 1382500 | 1448300-1469700 | - | 1408500-1482000 | 1041100-1120700 |
| 17 | 26.1.2022 | 1324000 | 1367000 | 1448300-1469700 | - | 1408500-1482000 | 1041100-1120700 |
| 18 | 27.1.2022 | 1291000 | 1330000 | 1448300-1469700 | - | 1408500-1482000 | 1041100-1120700 |
| 19 | 28.1.2022 | 1305000 | 1347500 | 1448300-1469700 | - | 1408500-1451400 | 1041100-1120700 |
| 20 | 31.1.2022 | 1275000 | 1340000 | 1448300-1469700 | 1509500-1521800 | 1408500-1451400 | 1041100-1120700 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂၊ ဇန်နဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 3.1.2022 | 2599600-2709800 | 1304400-1359500 | 1142100-1154400 | 1172700-1185000 | 422500-434800 |
| 2 | 5.1.2022 | 2599600-2709800 | 1304400-1359500 | 1142100-1154400 | 1181900-1206400 | 422500-434800 |
| 3 | 6.1.2022 | 2599600-2709800 | 1224800-1276800 | 1142100-1154400 | 1181900-1206400 | 428700-440900 |
| 4 | 7.1.2022 | 2599600-2709800 | 1234000-1276800 | 1142100-1154400 | 1181900-1206400 | 428700-440900 |
| 5 | 10.1.2022 | 2599600-2709800 | 1273800-1328900 | 1142100-1163500 | 1181900-1206400 | 440900-453200 |
| 6 | 11.1.2022 | 2599600-2709800 | 1304400-1328900 | 1163500-1185000 | 1181900-1206400 | 440900-453200 |
| 7 | 12.1.2022 | 2599600-2709800 | 1295200-1307500 | 1163500-1185000 | 1181900-1206400 | 440900-453200 |
| 8 | 13.1.2022 | 2599600-2709800 | 1295200-1307500 | 1172700-1200300 | 1224800-1276800 | 453200-465400 |
| 9 | 14.1.2022 | 2599600-2709800 | 1295200-1307500 | 1194200-1224800 | 1224800-1276800 | 453200-465400 |
| 10 | 17.1.2022 | 2599600-2709800 | 1273800-1298300 | 1194200-1224800 | 1224800-1276800 | 453200-465400 |
| 11 | 18.1.2022 | 2599600-2709800 | 1273800-1298300 | 1224800-1298300 | 1255400-1276800 | 453200-465400 |
| 12 | 19.1.2022 | 2599600-2709800 | 1273800-1298300 | 1224800-1298300 | 1255400-1276800 | 453200-465400 |
| 13 | 20.1.2022 | 2599600-2709800 | 1273800-1298300 | 1224800-1298300 | 1255400-1276800 | 465400-477700 |
| 14 | 21.1.2022 | 2599600-2709800 | 1255400-1276800 | 1224800-1298300 | 1255400-1276800 | 465400-477700 |
| 15 | 24.1.2022 | 2599600-2709800 | 1255400-1267600 | 1203300-1276800 | 1255400-1276800 | 471500-483800 |
| 16 | 25.1.2022 | 2599600-2709800 | 1255400-1267600 | 1203300-1276800 | 1255400-1276800 | 471500-483800 |
| 17 | 26.1.2022 | 2599600-2709800 | 1255400-1267600 | 1203300-1224800 | 1255400-1276800 | 471500-483800 |
| 18 | 27.1.2022 | 2599600-2709800 | 1203300-1224800 | 1203300-1224800 | 1255400-1276800 | 477700-489900 |
| 19 | 28.1.2022 | 2599600-2709800 | 1203300-1224800 | 1203300-1224800 | 1255400-1276800 | 477700-489900 |
| 20 | 31.1.2022 | 2599600-2709800 | 1120700-1154400 | 989000-1206400 | 1255400-1276800 | 483800-496000 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 3.1.2022 to 7.1.2022 | 10.1.2022 to 14.1.2022 | 17.1.2022 to 21.1.2022 | 24.1.2022 to 31.1.2022 |
|---|---|---|---|---|---|
| toမတ်ပဲ(2018 crop) | FAQ | 690-710 | 710-730 | 705-725 | 680-700 |
| | SQ | 770-790 | 790-810 | 790-810 | 750-770 |
| | အခွံချွတ် အလုံး/ အခြမ်း | 925-950 | 950-975 | 950-975 | 958-950 |
| | အခွံပါ အခြမ်း | 875-900 | 900-925 | 900-925 | 875-900 |
| မတ်ပဲ (2017 crop) | FAQ | 675-695 | 700-720 | 695-715 | 670-690 |
| | SQ | 755-775 | 770-790 | 770-790 | 740-760 |
| | အခွံချွတ် အလုံး/ အခြမ်း | - | - | - | - |
| | အခွံပါ အခြမ်း | - | - | - | - |
| ပဲတီစိမ်း | FAQ (အညာ) | 700-780 | 780-820 | 780-820 | 750-780 |
| | FAQ (ပခုက္ကူ) | - | - | - | - |
| | ရွှေဝါအသေး (Under 3.5 mm) | 900-925 | 900-925 | 900-925 | 900-925 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 950-975 | 950-975 | 950-975 | 930-950 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 925-950 | 925-950 | 925-950 | 900-930 |
| | အခွံပါအလုံးသေးအခြမ်း(ပခုက္ကူ) | - | - | - | - |
| | အခွံချွတ်အလုံးသေးအခြမ်း(အညာ) | 900-925 | 925-950 | 925-950 | 875-900 |
| | အခွံချွတ်အလုံးသေးအခြမ်း(ပခုက္ကူ) | 950-1000 | 975-1025 | 975-1025 | 925-975 |
| | အခွံချွတ်အလုံးကြီးအခြမ်း(ပခုက္ကူ) | - | - | - | - |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 660-680 | 690-710 | 700-720 | 700-720 |
| | ဖြူနီ (FAQ) | 630-650 | 670-690 | 680-700 | 680-700 |
| | အဖြူ (FAQ) | 630-650 | 670-690 | 680-700 | 680-700 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | 650-670 | 680-700 | 690-710 | 690-710 |
| | ဖြူနီ (FAQ) | 620-640 | 660-680 | 670-690 | 670-690 |
| | အဖြူ (FAQ) | 620-640 | 660-680 | 670-690 | 670-690 |
| ကုလားပဲဖြူလုံးကြီး | FAQ | 600-625 | 600-625 | 600-625 | 600-625 |
| | အခွံချွတ်အခြမ်း | 800-825 | 800-825 | 800-825 | 800-825 |
| ပဲလွန်းဖြူ | FAQ | 800-900 | 800-900 | 800-900 | 800-900 |
| | SQ (12.5 ဇကာ) | 1050 | 1050 | 1050 | 1050 |
| ပဲလွန်းနီ | FAQ | - | - | - | - |
| မြေထောက်ပဲ | FAQ | 975-1000 | 975-1000 | 975-1000 | 900-925 |
| | အခွံချွတ်အခြမ်း | 950-1000 | 950-1000 | 950-1000 | 900-950 |
| | အခွံပါအခြမ်း | 900-925 | 900-925 | 900-925 | 850-875 |
| ပဲထောပတ် | FAQ | 675-700 | 675-700 | 675-700 | 675-700 |
| | အခွံချွတ်အခြမ်း | - | - | - | - |
| | အခွံပါအခြမ်း | - | - | - | - |
| ပြောင်း | | 240-260 | 240-260 | 240-260 | 250-270 |
| နှမ်းဖြူ | | 1150-1250 | 1200-1300 | 1200-1300 | 1200-1300 |
| နှမ်းနက် (စမုံ) | | 1650-1750 | 1650-1800 | 1650-1800 | 1650-1800 |
| နှမ်းမှုန် | | - | - | - | - |
| နှမ်းညို | | 1050-1150 | 1050-1150 | 1050-1150 | 1050-1150 |
| နှမ်းနက်(ရိုးရိုး) | | 1200-1300 | 1200-1300 | 1200-1300 | 1200-1300 |
| ပဲကြီး | | 650 | - | - | - |
| ပဲယင်း | | 650-675 | 650-675 | 650-675 | 650-675 |
| ဘိုကိတ် | | 650-700 | - | - | - |
| နံနံစေ့ | | - | - | - | - |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 29.1.20221 to 4.1.2022 | 5.1.2022 to 11.1.2022 | 12.1.2022 to 18.1.2022 | 19.1.2022 to 25.1.2022 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (well Milled Double Polished Sortexed) | 345-350 | 345-350 | 340-350 | 340-350 |
| 2 | Myanmar Long Grain White Rice 10% Broken (well Milled Double Polished Sortexed) | 337-342 | 337-342 | 335-340 | 335-340 |
| 3 | Myanmar Long Grain White Rice 15% Broken (well Milled Double Polished Sortexd) | 335-337 | 335-337 | 333-337 | 333-337 |
| 4 | Myanmar Long Grain White Rice 20% Broken (well Milled Double Polished Sortexd) | 330-335 | 330-335 | 330-335 | 330-335 |
| 5 | Myanmar Long Grain White Rice 25% Broken (well Milled Double Polished Sortexd) | 325-330 | 325-330 | 325-330 | 320-330 |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 330-335 | 330-335 | 330-335 | 330-335 |
| 7 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 320-325 | 320-325 | 320-325 | 320-325 |
| 8 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 315-320 | 315-320 | 310-315 | 310-315 |
| 9 | Myanmar Long Grain White Rice 35% Broken (Reasonable Well Milled) | 305-310 | 305-310 | 298-310 | 293-303 |
| 10 | Myanmar Long Grain Brown Rice 5% Broken | 320-325 | 320-325 | 320-325 | 320-325 |
| 11 | Myanmar Long Grain Brown Rice 10% Broken | 315-320 | 315-320 | 315-320 | 315-320 |
| 12 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 355-360 | 350-360 | 350-355 | 350-355 |
| 13 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 345-350 | 340-350 | 340-350 | 340-350 |
| 14 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 343-345 | 335-340 | 335-340 | 335-340 |
| 15 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 340-343 | 330-335 | 330-335 | 330-335 |
| 16 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 350-355 | 350-355 | 350-355 | 350-355 |
| 17 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 345-350 | 340-350 | 340-350 | 340-350 |
| 18 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 340-345 | 335-340 | 335-340 | 335-340 |
| 19 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 335-340 | 330-335 | 330-335 | 330-335 |
| 20 | Myanmar White Rice Nga Sein Yarkyaw(or) BG(of)Tun Pu 5% Broken (Well Milled Double Polished Sortexed) | 355-360 | 355-365 | 355-365 | - |
| 21 | Myanmar White Rice Nga Sein Yarkyaw(or) BG(of)Tun Pu 10% Broken (Well Milled Double Polished Sortexed) | 350-355 | 345-355 | 345-355 | - |

**Source: MRF**

## ၂၀၂၂ ဇန်နဝါရီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Curde Oil | Bernt Curde Oil | RBoB Gasoline | Narural Gas | Heading Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (Usd/ gal) | USD/ MMBtu) | (Usd/ gal) |
| 1 | 3.1.2022 | 75.71 | 78.26 | 223.67 | 3.72 | 234.12 |
| 2 | 5.1.2022 | 76.97 | 80.01 | 227.35 | 3.75 | 241.22 |
| 3 | 6.1.2022 | 76.91 | 79.81 | 226.11 | 3.85 | 241.97 |
| 4 | 7.1.2022 | 80.13 | 82.58 | 231.71 | 3.87 | 249.08 |
| 5 | 10.1.2022 | 78.95 | 81.81 | 230.58 | 4.15 | 250.33 |
| 6 | 11.1.2022 | 78.89 | 81.40 | 228.91 | 4.13 | 250.08 |
| 7 | 12.1.2022 | 81.35 | 83.70 | 234.99 | 4.22 | 256.91 |
| 8 | 13.1.2022 | 82.50 | 84.49 | 238.64 | 4.82 | 258.85 |
| 9 | 14.1.2022 | 81.84 | 84.35 | 238.33 | 4.30 | 260.87 |
| 10 | 17.1.2022 | 84.17 | 86.16 | 241.77 | 4.34 | 263.80 |
| 11 | 18.1.2022 | 84.97 | 87.32 | 245.21 | 4.28 | 268.94 |
| 12 | 19.1.2022 | 86.64 | 88.46 | 244.97 | 4.28 | 170.72 |
| 13 | 20.1.2022 | 86.78 | 88.18 | 245.27 | 4.02 | 167.16 |
| 14 | 21.1.2022 | 86.90 | 86.79 | 242.01 | 3.87 | 263.16 |
| 15 | 24.1.2022 | 85.76 | 88.55 | 245.75 | 3.93 | 271.08 |
| 16 | 25.1.2022 | 83.71 | 86.86 | 241.28 | 3.93 | 264.95 |
| 17 | 26.1.2022 | 85.08 | 87.83 | 245.64 | 4.02 | 266.61 |
| 18 | 27.1.2022 | 86.77 | 89.38 | 251.70 | 4.25 | 273.09 |
| 19 | 28.1.2022 | 87.03 | 89.60 | 254.94 | 4.36 | 283.22 |
| 20 | 31.1.2022 | 87.84 | 91.10 | 254.23 | 5.00 | 281.50 |

Source: Bloomberg Commodities

## ၂၀၂၂ ဇန်နဝါရီလအတွင်း ရော်ဘာဈေးနှုန်း (၁၀၀ kg / ဒေါ်လာ)

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | 03 Jan 2022 | 128.06 | * | 223.04 | * | 175.75 |
| 2 | 04 Jan 2022 | 130.95 | * | 223.30 | * | 175.45 |
| 3 | 05 Jan 2022 | 134.01 | * | 222.20 | * | 176.50 |
| 4 | 06 Jan 2022 | 135.44 | * | 218.95 | * | 174.90 |
| 5 | 07 Jan 2022 | 137.89 | * | 218.05 | * | 178.55 |
| 6 | 08 Jan 2022 | * | * | 216.70 | * | * |
| 7 | 10 Jan 2022 | 137.82 | * | 216.40 | * | 179.20 |
| 8 | 11 Jan 2022 | 179.45 | * | 216.40 | * | 137.22 |
| 9 | 12 Jan 2022 | 137.43 | * | 216.25 | * | 180.40 |
| 10 | 13 Jan 2022 | 137.78 | * | 216.40 | * | 181.15 |
| 11 | 14 Jan 2022 | 140.09 | * | 215.90 | * | 181.20 |
| 12 | 15 Jan 2022 | * | * | 215.90 | * | * |
| 13 | 17 Jan 2022 | 141.11 | * | 215.90 | * | 179.00 |
| 14 | 18 Jan 2022 | * | * | 215.00 | * | * |
| 15 | 19 Jan 2022 | 142.54 | * | 215.85 | * | 183.75 |
| 16 | 20 Jan 2022 | 142.99 | * | 217.85 | * | 181.10 |
| 17 | 21 Jan 2022 | 142.10 | * | 217.35 | * | 178.35 |
| 18 | 22 Jan 2022 | * | * | 217.35 | * | * |
| 19 | 24 Jan 2022 | 141.50 | * | 216.55 | * | 176.60 |
| 20 | 25 Jan 2022 | 142.19 | * | 216.20 | * | 175.70 |
| 21 | 26 Jan 2022 | 142.92 | * | * | * | 177.25 |
| 22 | 27 Jan 2022 | 142.65 | * | 216.15 | * | 175.65 |
| 23 | 28 Jan 2022 | 142.70 | * | * | * | 174.05 |
| 24 | 29 Jan 2022 | * | * | 218.80 | * | * |
| 25 | 31 Jan 2022 | * | * | 220.10 | * | * |

Source: Association of natural rubber producting countries

## ၂၀၂၂၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 3.1.2022 | 1826 | 1828 | 1825000 | 1823500 |
| 2 | 5.1.2022 | 1817 | 1819 | 1825000 | 1822500 |
| 3 | 6.1.2022 | 1810 | 1811 | 1822000 | 1819000 |
| 4 | 7.1.2022 | 1795 | 1796 | 1823000 | 1821000 |
| 5 | 10.1.2022 | 1795 | 1796 | 1833000 | 1831000 |
| 6 | 11.1.2022 | 1809 | 1808 | 1864000 | 1864500 |
| 7 | 12.1.2022 | 1820 | 1822 | 1875000 | 1866500 |
| 8 | 13.1.2022 | 1826 | 1829 | 1856000 | 1851500 |
| 9 | 14.1.2022 | 1828 | 1866 | 1856000 | 1855000 |
| 10 | 17.1.2022 | 1821 | 1866 | 1864000 | 1861000 |
| 11 | 18.1.2022 | 1818 | 1819 | 1861000 | 1860000 |
| 12 | 19.1.2022 | 1821 | 1822 | 1865000 | 1864500 |
| 13 | 20.1.2022 | 1841 | 1866 | 1882000 | 1885000 |
| 14 | 21.1.2022 | 1841 | 1847 | 1877000 | 1875000 |
| 15 | 24.1.2022 | 1839 | 1840 | 1881000 | 1879500 |
| 16 | 25.1.2022 | 1843 | 1846 | 1881000 | 1881500 |
| 17 | 26.1.2022 | 1850 | 1851 | 1880000 | NA |
| 18 | 27.1.2022 | 1822 | 1823 | 1868000 | 1865000 |
| 19 | 28.1.2022 | 1802 | 1803 | 1868000 | 1868000 |
| 20 | 31.1.2022 | 1790 | 1791 | 1872500 | 1873000 |

Source: Bullionvault, etrademyanmar

## ၂၀၂၂၊ ဇန်နဝါရီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)


| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 3.1.2022 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |
| 2 | 10.1.2022 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |
| 3 | 17.1.2022 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |
| 4 | 24.1.2022 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |
| 5 | 31.1.2022 | 1600-1650 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 |

Source: mrppa

## ၂၀၂၂ ဇန်နဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| Date | Dollar | Earning |
|---|---|---|
| 3.1.2022 | 1910 | 1915 |
| 5.1.2022 | 1916 | 1930 |
| 6.1.2022 | 1920 | 1945 |
| 7.1.2022 | 1950 | 1955 |
| 10.1.2022 | 1950 | 1970 |
| 11.1.2022 | 2000 | 2000 |
| 12.1.2022 | 2010 | 2030 |
| 13.1.2022 | 1980 | 1990 |
| 14.1.2022 | 1975 | 1980 |
| 17.1.2022 | 2000 | 2000 |
| 18.1.2022 | 1995 | 2005 |
| 19.1.2022 | 1995 | 1995 |
| 20.1.2022 | 1995 | 1995 |
| 21.1.2022 | 1990 | 1982 |
| 24.1.2022 | 1990 | 1983 |
| 25.1.2022 | 1990 | 1990 |
| 26.1.2022 | 1995 | 1975 |
| 27.1.2022 | 1980 | 1965 |
| 28.1.2022 | 1975 | 1965 |
| 31.1.2022 | 1980 | 1970 |

Source: e trade Myanmar




## ၂၀၂၂ ဇန်နဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 3.1.2022 | 1778.0 | 53.603 | 279.73 | 1317.6 | 23.919 | 1543.4 |
| 2 | 5.1.2022 | 1778.0 | 53.546 | 279.22 | 1311.5 | 23.920 | 1533.4 |
| 3 | 6.1.2022 | 1778.0 | 53.146 | 278.95 | 1307.9 | 23.901 | 1534.1 |
| 4 | 7.1.2022 | 1778.0 | 52.775 | 278.93 | 1307.8 | 23.926 | 1535.3 |
| 5 | 10.1.2022 | 1778.0 | 52.854 | 278.96 | 1312.4 | 23.985 | 1536.9 |
| 6 | 11.1.2022 | 1778.0 | 53.122 | 279.02 | 1313.6 | 24.072 | 1542.4 |
| 7 | 12.1.2022 | 1778.0 | 53.210 | 279.36 | 1316.1 | 24.035 | 1540.2 |
| 8 | 13.1.2022 | 1778.0 | 53.522 | 279.59 | 1322.4 | 24.072 | 1554.1 |
| 9 | 14.1.2022 | 1778.0 | 53.562 | 279.79 | 1322.6 | 23.979 | 1562.5 |
| 10 | 17.1.2022 | 1778.0 | 53.781 | 280.14 | 1318.9 | 23.927 | 1554.9 |
| 11 | 18.1.2022 | 1778.0 | 53.692 | 279.92 | 1318.6 | 23.840 | 1550.9 |
| 12 | 19.1.2022 | 1778.0 | 53.659 | 280.00 | 1317.3 | 23.855 | 1553.6 |
| 13 | 20.1.2022 | 1778.0 | 54.043 | 280.32 | 1320.7 | 23.897 | 1556.0 |
| 14 | 21.1.2022 | 1778.0 | 53.920 | 280.40 | 1320.9 | 23.874 | 1561.2 |
| 15 | 24.1.2022 | 1778.0 | 53.838 | 280.90 | 1322.1 | 23.808 | 1565.7 |
| 16 | 25.1.2022 | 1778.0 | 53.830 | 281.00 | 1323.3 | 23.797 | 1561.2 |
| 17 | 26.1.2022 | 1778.0 | 53.928 | 281.20 | 1322.0 | 23.726 | 1557.7 |
| 18 | 27.1.2022 | 1778.0 | 53.466 | 279.38 | 1315.9 | 23.666 | 1545.6 |
| 19 | 28.1.2022 | 1778.0 | 53.305 | 279.38 | 1309.8 | 23.683 | 1538.5 |
| 20 | 31.1.2022 | 1778.0 | 53.393 | 279.52 | 1312.5 | 23.797 | 1539.7 |

Source: Central Bank of Myanmar